၂၁။ အစီရင်ခံသည့်ကာလအတွင်း မြို့နယ် ပေါင်း ၁၃ မြို့နယ်မှ ကျား၊မ ရေးရာ သင်တန်းများ လုပ်ဆောင်ခဲ့ပြီး CFs/TFs ပေါင်း ၁၈၆ဦး) ကျား၈၅–ဦး၊ မ ၁၀၁–ဦး တို့ကို (မြို့နယ်အဆင့် ကျား၊မရေးရာ သင်တန်းလက်ခံ ရရှိ ခဲ့ပါသည်။ မြို့ နယ်) ၉(မြို့ နယ်ရှိ ကျေးရွာကော်မ တီ ဝင်ပေါင်း ၁၇၃၂ ဦး )ကျား၈၁၆–ဦး, မ၉၁၆–ဦးကို ကျေးရွာ အဆင့် ( ကျား၊မရေးရာ အမြင် ဖွင့်သင်တန်းများ ပေးကြောင်းတွေ့ရှိပါသည်။

တတိယအကြိမ်နှင့် စတုတ္ထအကြိမ်ကျေးရွာ အစည်းအဝေး၌ကော်မတီအဖွဲ့တွင် အမျိုးသမီး များ၏ လုပ်နိုင်စွမ်းများ၊ ခေါင်းဆောင်မှု နှင့် အမျိုးသမီး ရွေးချယ်သော လုပ်ငန်းများ ပါဝင်လာနိုင် စေရေး၊ ကျေးရွာ စီမံခန့် ခွဲမှုများ အကောင်ထည် ဖော်ဆောင် ရွက်ခြင်း နှင့် လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ခြင်းတွင် ကျား–မ လုပ်သား ပါဝင်မှုများ ကြည့် ရှုခြင်း၊ အုပ်စုအစည်းအဝေးတွင် ကျား၊မ ရေးရာအချက် )၆(ချက် ရှင်းလင်းခြင်း တို့ လုပ် ဆောင်ကြောင်းတွေ့ရှိပါသည်။

အမျိုးသမီးများ အသိပညာ ဗဟုသုတရရှိလာပြီး ဝယ်ယူရေး နှင့်လူ ထုစစ်ဆေးပွဲ ပြုလုပ် ရာတွင် အမျိုးသားများ သာမက အမျိုးသမီးများလည်း ကျေးရွာအတွက် ကုန်ကျငွေစာရင်းများ ပြန် လည်ရှင်းလင်းရာတွင် ရှေ့မှဦးဆောင်ပြီး အသေးစိပ် တိတိကျကျ ယုံကြည်မှုရှိရှိ ဖြင့်ရှင်းပြ နိုင်ခဲ့ ကြောင်းတွေ့ရှိပါသည်။

အစီရင်ခံစာများအရကျေးရွာအားလုံး၏ ၂၀ %သည် မော်တော်ဆိုင်ကယ် နှင့် အခြား အ ထောက် အပံ့ပစ္စည်းများ သုံးစွဲခြင်းနှင့် ခရီးသွား ရာတွင် အမျိုးသမီး ကော်မတီဝင်များ လုံခြုံရေး အတွက် အဖော်ဖြင့် သွားလာရန် စီစဉ်ပေးကြောင်း တွေ့ရှိပါသည်။

**အခက်အခဲ နှင့် ကန့်သက်ချက်များ**

လူမှုဆိုင်ရာပူးပေါင်းပါဝင်မှုကဏ္ဍအတွက် ဆောင်ရွက်ရာတွင်တွေ့ရှိရသော အခက်အခဲများ အား အကျဉ်းချုပ် တင်ပြချက်များမှာ–

- စီမံကိန်းလုပ်ငန်းများ ပြီးစီးအောင် လုပ်ဆောင်နေရသောကြောင့် ကျား၊ မရေးရာအခန်း ကဏ္ဍ နှင့် ပတ်သက်ပြီး ကျေးရွာလူထုများသိရှိနားလည်စေရန် အချိန်မပေးနိုင်ဟု တင်ပြပါသည်။
- ဒုတိယနှစ် စက်ဝန်းတွင် ကော်မတီဝင်အပြောင်းအလဲများလွန်းခြင်းကြောင့် ကျား၊မ ရေးရာ ဦးဆောင်မှုအားနည်းခြင်း၊ ဦးဆောင်သည့် ခေါင်းဆောင်ပိုင်း အချိန်ပေးနိုင်မှု အား နည်းခြင်း၊ အစည်းအဝေးများကျင်းပရာတွင် စိုက်ပျိုးချိန်နှင့် တိုက်နေခြင်း၊ အမျိုးသားများ နိုင်ငံခြားသွား ရောက် အလုပ်လုပ်နေခြင်းကြောင့် ကျား–မ အချိုးညီစွာ ဖိတ်ခေါ်ရာတွင် ကွာဟမှုများအ ပေါ်ညှိနှိုင်းရသည့် အခက်ခဲများနှင့် အချို့ကျေးရွာများတွင် ရွာလူထုပူးပေါင်း ပါဝင်မှု အားနည်းကြောင်းတင်ပြပါသည်။
- Covid–19ရောဂါကြောင့် ကျေးရွာလုပ်ငန်း ဆောင်ရွာရာတွင် နှောင့်နှေးခြင်း၊ လူထုနှင့် တွေ့ ဆုံရန် ခက်ခဲကြောင်းတင် ပြပါသည်။

**ပြည်ထောင်စုအဆင့် စောင့်ကြည့်လေ့လာခြင်းနှင့်ဆောင်ရွက်မှုများမှာ–**

- မတ်လတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ရှိမြို့နယ်များ၌ ကျား၊မရေးရာဆိုင် ရာသင် တန်းနှင့် ကျေးရွာအဆင့်ကျား၊မရေးရာအမြင်ဖွင့်ပညာပေးဆွေးနွေးဆောင်ရွက်မှု အချို့ လုပ်ဆောင်ကြောင်းတွေ့ရှိပါသည်။
- Covid–19 ကာလအတွင်း လုပ်ငန်း နှောင့်နှေးမှုကြောင် ကျား၊မရေးရာ အစီ ရင်ခံစာနှင့် MIS data များကို (Y7) စီမံကိန်း စတင်မြို့နယ်များနှင့် တတိယစက်ဝန်းမြို့နယ်များမှ ထည့်သွင်းရန်များ ကျန်ရှိနေပါသည်။
- Covid–19 ထိန်းချုပ်ရေး ဥပဒေနှင့်စည်းကမ်းချက်များအရ ကျား၊မရေးရာ အသိပညာ ပေး အစီအစဉ်များ ဆောင်ရွက်နိုင်ရန် သင်တန်းလမ်းညွှန်အား ပြန်လည်စီစစ်ခြင်း ပြုလုပ်ခဲ့ပါသည်။
- ကျား၊ မရေးရာမဟာဗျူဟာ (မြန်မာဘာသာ)ပြန်လည်စီစစ်ခြင်း၊ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ပါသည်။
- Cash for work program တွင် ကျာ၊မ ရေးရာကဏ္ဍ များထည့်သွင်းနိုင်ရန်ပူးပေါင်း ခဲ့ပါသည်။
- ပြည်နယ်၊တိုင်းဒေသကြီး၊ မြို့နယ်များကျေးလက်နှင့် နည်းပညာ အကြံပေးများ၊ ကျား၊မ ရေးရာတာဝန်ခံများ စုစုပေါင်း ၈၀ ဦးနှင့် သုံးလပတ်အစည်းအဝေးအား မေလ ၂၈ မှ ၂၉ထိ)( ၂ရက်၊ အချိန် ၄ ပိုင်း ခွဲကာ virtual meeting ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် (၁ – လက်ရှိ လုပ်ဆောင်နေမှုများ ၂( ဇွန်–ဇူလိုင်–ဩဂုတ်လအတွင်း လုပ်ဆောင်နိုင်မည့် လုပ်ငန်း အစီအစဉ်များတွင် CF/TF နှင့် CSAG တို့မှ ကျား၊မရေးရာ ဆိုင်ရာ ဦးစားပေး အကောင်အထည် ဖော်နိုင်ခြေများ၊ ၃ (နောက်စီမံကိန်း နှစ်အတွက် လိုအပ်မည့် သင်တန်းများနှင့် ၄(လက်ရှိ အမျိုး သမီးကွန်ယက်ဆက်သွယ်မှု အခြေအနေ များကို ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲမှအကျဉ်းချုပ်ကောက်နုတ်ချက်များမှာ–

- Covid–19ကာလတွင်း ကျေးရွာလုပ်ငန်းဆောင်ရွက်ရာတွင် နှောင့်နှေးခြင်း၊ လူထုနှင့် တွေ့ဆုံရန်ခက်ခဲခြင်းကြောင့် ထုတ်ပြန်သည့် လမ်းညွှန်ချက်များအတိုင်း မြို့နယ်များမှ ဆောင်ရွက်နေကြောင်း သိရပါသည်။
- Women Network အဖွဲ့ဝင်များကို Viber / Messenger နှင့်ချိတ်ဆက်ပြီး သင်တန်းပေးခြင်း၊ ၎င်းတို့၏ဖုန်းနံပါတ်များအား CovidRespond Teamသို့ ပေးပို့ချိတ်ဆက် ဆောင်ရွက်လျက်ရှိပြီး၊ အဖွဲ့ဝင်များမှ ချုပ်လုပ်သည့် Mask များကိုရောင်းချ ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးခြင်း၊ Covid Respond အဖွဲ့ဝင်များနှင့် လိုက်ပါပြီး ပရဟိတ လုပ်ကိုင် ဆောင်ရွက် ပေးကြောင်းသိရပါသည်။
- Covid ကာလဖြေလျော့ လျင်မြို့နယ်ကျား၊ မရေးရာ တာဝန်ခံနှင့် ဒေသဆိုင်ရာ ကွန်ယက် အဖွဲ့ဝင်များ တွေ့ဆုံ၍ လူငယ်များနှင့်ပူးပေါင်းကာဝင်ငွေတိုးလုပ်ငန်းများကို လုပ်ကိုင်ရန်နှင့် လူမှုဝန်ထမ်းဦးစီးဌာနှင့်လည်းချိတ်ဆက်လုပ်ကိုင်ရန်စီစဉ်ထားကြောင်း သိရပါသည်။

- Public dialogueများကို အစည်းအဝေးကာလအတွင်းလုပ်ဆောင်နိုင်ခြင်း မရှိကြောင်း သိရပါသည်။

မြို့နယ်မှ TTA များသည် TF / CF နှင့်အမျိုးသမီးကွန်ယက်ကော်မတီဝင်များအားစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အောက်ပါသင်တန်းများပေးရန်တောင်းဆိုခဲ့ပါသည်။

- Gender Equality and Women Empowerment
- Women and Leaderships / Women and Entrepreneurship
- Study visit/ exchange program to the most successful townships
- Learning center approach training
- Vocational training for Livelihoods

**ကျားမရေးရာအစီရင်ခံစာမှ အကြံပြုချက်များ**

- ကျား၊မရေးရာနှင့်ပတ်သက်သော ဆွေးနွေးပွဲများကို မြို့နယ်မှစီမံကိန်းလုပ်ငန်းပြီးတဲ့ အချိန်များတွင် ပြုလုပ်ပေးသင့်ပါသည်။
- ကျား၊မရေးရာဆောင်ရွက်မှုကို အများစုသော အမျိုးသားများ လက်ခံနိုင်မှု အားနည်းနေသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးရွာလူထုအား ကျား၊မရေးရာနှင့်ပတ် သက်၍ သင်တန်းများ ဆွေးနွေးပွဲများကို မကြာခဏ ပြုလုပ်ပေးသင့်ပါသည်။
- အမျိုးသမီးကွန်ယက်အဖွဲ့ဝ င်များသည်အလွန်စိတ်အားထက်သန်ကြောင်း၊ ထူးချွန်စံပြ ကျေးရွာများ၊ ကျား၊မရေးရာနှင့် ပတ်သက်ပြီး အောင်မြင်သော မြို့နယ်များသို့ လေ့လာရေး အစီအစဉ်များ၊ တွေ့ဆုံပွဲများ ဆောင်ရွက်စေလိုပါသည်။
- Women Partway Leadership သင်တန်းကိုစီမံကိန်းဆောင်ရွက်ပြီးစီးသော်လည်း သင်တန်းများဆက်လက်ပို့ချရန် လိုအပ်ပါသည်။
- Women Network အဖွဲ့ဝင်များကို အချင်းချင်းနှီးနှောဖလှယ်ပွဲနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို လွှတ်တော်၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီးဆောင်ရွက်ပါက စီမံကိန်းပြီးစီးချိန်တွင်လည်း ဆက်လက် အောင်မြင်နေမည်ဖြစ်ပါသည်၊

**ပြည်ထောင်စုအဆင့် အကြံပြုချက်များ**

- CF/TF တို့၏ အခက်အခဲများအရ ကျား၊ မရေးရာ အသိပညာပေးမှုနှင့် စဉ်ဆက်မပြတ် ဆွေးနွေးမှုကို ပေးသင့်သည်။ ထို့အပြင် ကျား၊မ တန်းတူညီမျှ ရေးလုပ် ဆောင် မှု၏ အဓိက ရည်မှန်းချက်နှင့်ကျား၊မ အခန်းကဏ္ဍများကို ပိုမိုနားလည်စေရန်၊ မိသားစု ပဋိပက္ခနည်းစေပြီးတာဝန်ခွဲဝေယူခြင်း ကို အမျိုးသားများအား ဆွဲဆောင်စည်းလုံးရန် လိုအပ်ပါသည်။
- အချို့မြို့နယ်များ)ဥပမာ–ကရင်၊နေပြည်တော် တွင်(ဝန်ထမ်းအရေအတွက် အကန့်အသတ် ရှိခြင်း၊ လက်ရှိတွင် ပြည်ထောင်စုကျား၊မရေးရာတာဝန်ခံနှင့် မြို့နယ်အသီးသီးမှ ကျား၊မလူ မှု

ရေးရာ ဝန်ထမ်းများကိုပြောင်းရွှေ့ခြင်း၊ CSAG နုတ်ထွက်မှုများရှိခြင်းကြောင့် ကျားမရေးရာ တာဝန်ခံများခန့်ထား ပေးရန်လိုအပ်ပါသည်။

- အချို့သောမြို့နယ်များတွင်ရပ်ရွာလူထုသည် စီမံကိန်းလုပ်ငန်းခွဲများကြောင့် ကျားမလုပ်ရှား မှုနှင့် ဆက်နွယ်သည့်လုပ်ငန်းများအတွက်အချိန် မပေးနိုင်ဟုဖော်ပြထားသည်။ (ဤအချက် သည်စီမံကိန်းလုပ်ငန်းခွဲ နှင့် ကျားမကဏ္ဍ ခွဲခြားသည်ဟူသော မှားယွင်းသော ယူဆချက် ကိုဖြစ်ပေါ်စေနိုင်သည်။)
- မြို့နယ်တစ်ခုအနေဖြင့်မြို့နယ်ကျား၊ မရေးရာ တာဝန်ခံနှင့် ဒေသဆိုင်ရာ ကွန်ယက် အဖွဲ့ဝင် များ တွေ့ဆုံ၍ လူငယ်များနှင့်ပူးပေါင်းလုပ်ကိုင်ရန်၊ လူမှုဝန်ထမ်းဦးစီးဌာ နှင့် ချိတ်ဆက်ပြီး ဝင်ငွေတိုးလုပ်ငန်းများအတွက် သင်တန်းများ စီစဉ်ရန်လိုအပ်ပါသည်။
- အလွန်စိတ်အားထက်သန်သော အမျိုးသမီးကွန်ယက်အဖွဲ့ဂင်များသည်အခြား အမျိုးသမီးငယ် အဖွဲ့များနှင့် ပူးပေါင်းကာ သင်တန်းများပေးခြင်း၊ ချိတ်ဆက် ဆောင်ရွက်ခြင်း အလေ့အကျင့် ကောင်းများသည်ထိရောက်သောလူမှုလေ့လာမှုနှင့်တိုးချဲ့ခြင်းနည်းလမ်းဖြစ်သည်။

**နောက်ဆောင်ရွက်မည့်အစီအစဉ်များမှာ–**

- ၃လပတ်အစီရင်ခံစာရှိ လိုအပ်သည်များအား အခါအားလျော်စွာ မြို့နယ် TA/DRD ကျားမရေး ရာ အဓိကဆောင်ရွက်သူများနှင့် ထပ်မံဆွေးနွေးမှုများ၊ ပြန်လည်ဆန်းစစ်မှုများ ပြုလုပ်ရန်၊
- ထပ်တိုး မြို့နယ် များ အတွက် training unit နှင့်ပူးတွဲဆောင် ရွက်ရန်၊
- Union team အား Gender Refresher training ပေးရန်၊

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များ(VDP)**

၂၂။ Phase Out ပြုလုပ်ပြီးစီးခဲ့သည့် မြို့နယ်(၁၈)မြို့နယ် အနက် VDP WS ပြုလုပ်ရန် ကျန်ရှိ နေသော မြို့နယ်မှာ ပလက်ဝ (၁) မြို့နယ်သာဖြစ်ပါသည်။ စီမံကိန်းစက်ဝန်း ဒုတိယနှစ်သို့ ရောက်ရှိလာသော မြို့နယ်(၁၆)မြို့နယ်အနက်မှ (၁၄) မြို့နယ်သည် Website တွင် VDP စာအုပ် များအား(၁၀၀%) တင်ထားပြီးဖြစ်သော်လည်း၊ မိုင်းခတ်မြို့နယ်မှာ (16%) သာတင်ထားနိုင်ပြီး၊ ပုဏ္ဏားကျွန်းမြို့နယ်မှာ တင်ထားနိုင်ခြင်းမရှိသေးပါ။

(၃)လအတွင်း VDP Integration Workshop ပြုလုပ်သော မြို့နယ်မှာ ရွှေကျင်မြို့နယ် ဖြစ်ပါသည်။ ကျန်ရှိနေသော အင်ပူ၊ ဂွ၊ မိုင်းခတ်၊ရွှေကျင်၊ပုဏ္ဏားကျွန်း၊ မောက်မယ် စသည် မြို့နယ် များနှင့် စတုတ္ထနှစ်စက်ဝန်းသို့ ရောက်ရှိနေသော မြို့နယ် (၂၀)မှာ VDP Integration Workshop အား (အောက်တိုဘာ ၂၀၁၉– စက်တင်ဘာ ၂၀၂၀) ၏ ဘတ်ဂျက်လအတိုင်း ဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ပါသည်။

## VDP Upload on Website(16 Township)

VDP Upload on Website(16 Township)

| No | Township | Village Total | upload on website (Y-5) | upload on website (Y-6) | % of VDP upload | Remarks |
|---|---|---|---|---|---|---|
| 1 | Putao | 113 | 113 | 114 | 100% | |
| 2 | Shwegu | 86 | 86 | 86 | 100% | |
| 3 | Hlaingbwe | 458 | 365 | 397 | 100% | |
| 4 | Kawtkareik | 257 | 257 | 258 | 100% | |
| 5 | Tongzang | 93 | 93 | 93 | 100% | |
| 6 | Kyunhla | 110 | 110 | 114 | 100% | |
| 7 | Kani | 187 | 187 | 201 | 100% | |
| 8 | Thegon | 306 | 306 | 307 | 100% | |
| 9 | Shwegyin | 82 | 82 | 103 | 100% | |
| 10 | Momgkhet | 128 | 128 | 20 | 16% | |
| 11 | Maukmai | 105 | 105 | 104 | 100% | |
| 12 | Mabein | 57 | 57 | 54 | 100% | |
| 13 | Ponnagyun | 194 | 126 | 0 | 0% | |
| 14 | Gwa | 166 | 166 | 117 | 100% | |
| 15 | Danubyu | 452 | 445 | 448 | 98% | |
| 16 | Ingapu | 643 | 626 | 80 | 13% | |

၁၁။ သိပ္ပံပညာနှင့် လေ့လာသင်ယူခြင်း

| | သုံးလပတ်အတွင်း လုပ်ငန်းတိုးတက်မှု | ပြဿနာများနှင့် နောက်ထပ် လုပ်ဆောင်ချက်များ |
|---|---|---|
| | လူထုစစ်ဆေးပွဲများ | |
| | • ကာလအဆုံး၌ ဆဋ္ဌမနှစ်မြို့နယ် ၅၄ မြို့နယ်အတွက် လူထုစစ်ဆေး ၈၆၉၈ အနက် ၇၆၁၈(၈၇.၅၈%) ပြီးစီးခဲ့ပါ သည်။<br>• ကာလအဆုံး၌ သတ္တမနှစ်မြို့နယ် ၃၆ မြို့နယ်အတွက် လူထုစစ်ဆေး ၃၆၄၆ အနက် ၄၂၁ (၁၁.၅၄%) ပြီးစီးခဲ့ပါသည်။ | • ဆဋ္ဌမနှစ် လူထုစစ်ဆေးပွဲများ လာမည့် သုံးလပတ်အဆုံးတွင် အပြီးသတ် လူထုစစ်ဆေးပွဲ အမြောက်အများ ပြုလုပ်ကြပါလိမ့်မည်။ |
| | **သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ (MSR) နှင့် စီမံကိန်းလက်စွဲ (OM)** | |
| | • မြို့နယ်အဆင့် **MSR**။ ဤကာလ အတွင်း မြို့နယ် **TMSRs** အား မြို့နယ် အနည်းသာ စတင် ပြုလုပ်နိုင်ခဲ့ပါသည်။ အစည်း အဝေးအားလုံးသို့ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရုံးမှ အနည်းဆုံး တာဝန် ရှိသူတစ်ဦးမှ တက်ရောက် နိုင်ခဲ့ပါသည်။ **TMSRs** သည် လူထုစစ်ဆေးပွဲ **၈၀.၁၀%** ပြီးစီးပြီးသော မြို့နယ် များတွင်သာ ကျင်းပပြုလုပ်နိုင်ပါ သည်။ | • လာမည့်သုံးလပတ်ကာလအတွင်း မြို့နယ်အမြောက် အများ၏ **MSR** များကို ကျင်းပ ပြုလုပ်မည် ဖြစ်သည်။<br>• ပြည်နယ်/တိုင်း ရုံးခန်းများ ထပ်ပေါင်းများပြားလာ ခြင်းကြောင့် **UMSR** လုပ်ငန်း စဉ်တွင် တက်ရောက် သူများနှင့် အစည်း အဝေး အရေအတွက်များကို ကိုင်တွယ်နိုင် ရန် စီမံခန့်ခွဲရေး နည်းလမ်းအသစ်များ ဖန်တီးရမည်။<br>• ပြည်ထောင်စုအဆင့် **MSR**အား သက်ဆိုင် သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေး ပွဲကို ဇန်နဝါရီလအတွင်း ကျင်းပမည် ဖြစ် ပါသည်။ |
| | **ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** | |
| | • ဤသုံးလပတ်အတွင်း ဆဋ္ဌမနှစ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စုစုပေါင်း (၁၀၂၄၈) ခု အနက် (၁၀၁၂၄) ပြီး မြောက် သည့်အတွက် **၉၉.၈၀%** ပြီးမြောက်ခဲ့ပါသည်။ သတ္တမနှစ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စုစုပေါင်း **(၆၅၉၄)** ခု အနက် (၃၆၇၀) ပြီး မြောက်သည့်အတွက် **၉၈.၅၈%** ပြီးမြောက် ခဲ့ပါသည်။ | • နောင်သုံးလပတ်တွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆက်လက်လုပ်ဆောင်သွားပါမည်။ |

၁၂။ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ခြင်း

| | သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|---|
| | - မတ်လနှင့် ဧပြီလတွင် ISM 20အား ကမ္ဘာ့ဘဏ် အဖွဲ့နှင့် Covid-19ရောဂါအခြေ အနေ ကြောင့် Video Call နည်းစနစ်ဖြင့် အစည်းအဝေး ပြုလုပ်ပြီး ဖြစ်ပါသည်။<br><br>- ဝန်ထမ်း အင်အားစာရင်းအား ဇယားဖြင့် ဖော်ပြထားပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• ကဏ္ဍအလိုက် ဝန်ထမ်း ခန့်ထားမှု အခြေအနမှာ ၃၀/၆/၂၀၂၀ထိအောက်တွင် ဖော်ပြထားသည့် အတိုင်း ဖြစ်သည်။<br>○ တိုင်းဒေသကြီးရုံးများ- ဇယား ၆<br>○ ကျေးလက် လက်အောက်တွင် အကောင်ထည်ဖော်ဆောင် ရွက်လျက်ရှိသော မြို့နယ်၂၀ ခု- ဇယား ၁၂ | ဆက်လက်ဆောင်ရွက်ချက် - ၁) လုပ်ဆောင်ရန် ကျန်ရှိနေသေးသော မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲကို အပြီးသတ်မည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• **TTA** များနှင့်အတူ မြို့နယ်ရှိ ဝန်ထမ်းခန့်ထား မှု အခြေအနေအချို့သော ခြွင်းချက်နှင့်အတူ အဆိုပါ မြို့နယ်များသည် ပြီးခဲ့သော သုံးလပတ်တွင် အချို့တိုင်းဒေသကြီးရုံးများမှ ပံ့ပိုးမှုများနှင့်အတူ စီမံကိန်းကို ကောင်းစွာ အကောင် အထည်ဖော် လုပ်ဆောင်ကြရမည်။ |

**၁၃။ ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်**

၂၃။ သဘာဝဘေးကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအား ထောက်ပံ့ပေးမှုအစီအစဉ် - ယခုသုံးလပတ်အတွင်း စီမံကိန်း ရန်ပုံငွေဖြင့် မြို့နယ် ၅ မြို့နယ်၏ လုပ်ငန်းများမှာ ရေပိုက်လိုင်းပြန်လည်သွယ်တန်းခြင်း၊ မီးကြိုးမီးတိုင် ပြန်လည်သွယ်တန်းခြင်း၊ ရေကာနံရံတည်ဆောက်ခြင်း၊ ကွန်ကရစ်တံတား ဆောင်ရွက်ခြင်း၊ သံဘောင်ယက်မ ကွန်ကရစ်တံတား+Culvert၊ ကွန်ကရစ်တံတား(၂)စင်းဆောင်ရွက်ခြင်းနှင့် မြေကာနံရံပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ဆန္ဒအလျောက် မြေယာလှူဒါန်းမှု အရေအတွက်မှာ ၁၄၄ ခု ဖြစ်ပါသည်။ မြို့နယ်အလိုက် အသေးစိတ် အချက်အလက်များအား ဇယား ၂ ဖြင့်ဖော်ပြထားပါသည်။

## Supplementary Block Grant for Flood Damage

| | Township | Block Grant | Included amount for damage |
|---|---|---|---|
| 1 | Danubyu | 19,390,000 | 19,390,000 |
| 2 | Thabaund | 2,8000,000 | 2,8000,000 |
| 3 | Nyaung U | 19,669,000 | 19,669,000 |
| 4 | Pauk | 8,693,397 | 8,693,397 |
| 5 | Hlaingbwe | 2,3960,000 | 2,3960,000 |

## ၁၄။ အစီရင်ခံထားသော သုံးလပတ်အတွင်းကြုံတွေ့ခဲ့ရသောအခက်အခဲများ

## ၂၄။ (က) နည်းပညာပံ့ပိုးမှုအခက်အခဲများ

### ဓနုဖြူမြို့နယ်

ဓနုဖြူမြို့နယ်အနေဖြင့် လမ်းကြိတ်စက် အချိန်မီရရှိနိုင်မှု အားနည်းခြင်း၊ လမ်းမီးတိုင်များ အရည် အသွေး အားနည်းခြင်း၊ မီးကြိုး၊ မီးတိုင်များနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရာတွင် နည်းပညာ အားနည်းခြင်း ဖြစ်ပေါ်နေပါသည်။

### ကျောက်တန်းမြို့နယ်

မိုးတွင်း စိုက်ပျိုးရာသီ ရောက်ရှိလာသောကြောင့် ကျေးရွာများမှ ကော်မတီများနှင့် ကျေးရွာ သားများမှာ လုပ်ငန်းခွဲများလုပ်ဆောင်ရန် အချိန်မပေးနိုင်ခြင်း။ လုပ်ငန်းများ ရပ်နားထားခြင်း။ စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျေးရွာများမှာ တပြိုင်နက်တည်း ပြုလုပ်ရခြင်းကြောင့် လုပ်ငန်းသုံး ပစ္စည်းများ ပြတ်လက်မှုရှိခြင်း။

TPIC ခွင့်ပြုအတိုင်းအတာ ပြီးသော်လည်း ငွေလက်ကျန်များ ရှိနေသောကြောင့် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရသဖြင့် သက်မှတ်ပြီးစီးရက်ထက်နောက်ကျခြင်း။ စီမံကိန်းမှာ နောက်ဆုံးနှစ် ဖြစ်သောကြောင့် ကျေးရွာသားများမှာ သက်ဆိုင်ရာဘက်အခြမ်း မပြီးစီးမှာစိုးသောကြောင့် သူ့ဘက် ကိုယ့်ဘက် လုကြ၍ လုပ်ငန်းများ ရပ်တန့်ထားရပြီး ပြန်လည်ဖြေရှင်းရခြင်း၊ သဘောတူညီချက် ပြန်လည်ရယူပြီး လုပ်ငန်းပြန်လည် ဆောင်ရွက်ရသဖြင့် နှောင့်နှေးကြန့်ကြာခြင်း။

### ကျွန်းလှမြို့နယ်

ကျွန်းလှမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၏ သုံးလပတ်အတွင်း ကြုံတွေ့ရသော အခက်အခဲ များမှာ Covid-19 ကြောင့် ဒုတိယနှစ်စက်ဝန်းမှ ကျန်ရှိသော လူထုစစ်ဆေးပွဲများကို ဆောင်ရွက်ရန် အခက်အခဲရှိခဲ့ပြီး contingency guidelines ဖြင့် ဖွန်လမှသာ အပြီး ဆောင်ရွက် နိုင်ခဲ့ပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် Covid-19 ကူးစက်ရောဂါကြောင့် ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်ရန် ကျန်ရှိနေသည့်လုပ်ငန်းများအား ဆန်းစစ်မှုများ ပြုလုပ်ကာ အစီအစဉ်ရေးဆွဲရာတွင် ပစ္စည်းရရှိနိုင်မှုအခက်အခဲ၊ လုပ်သားရရှိနိုင်မှုအခက်အခဲနှင့် ကျေးရွာများမှ ပြင်ပလူများဝင်ရောက်ခြင်းများကိုပိတ်ပင်တားဆီးမှုများနှင့်ကြုံတွေ့ရပါသည်။ စာသင်ကျောင်းများတွင် ပြည်ပပြန်များအား စောင့်ကြည့်ရေးစင်တာများ ပြုလုပ်ခြင်းကြောင့် လုပ်ငန်းများ နှောင့်နှေးရခြင်း၊ ကာလအစည်းအဝေးများ မပြုလုပ်သောကြောင့် လုပ်ငန်းခွဲရွေးချယ်ခြင်းများတွင် Covid အခက်အခဲများ ကြုံတွေ့ရခြင်း၊ လူထုစစ်ဆေးပွဲအား မူလပုံစံအတိုင်း မပပြုလုပ်နိုင်သောကြောင့် ကျေးရွာလူထုမှ သိရှိလိုသည်များ ပိုမိုလာခြင်းများ ရှိခဲ့ပါသည်။

**ပေါက်မြို့နယ်**

မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် မြို့နယ်အတွင်း ကျွမ်းကျင် လုပ်သားရှားပါးခြင်း၊ လျှပ်စစ်စစ်ဆေးရေဌာနမှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ် (EI) ရရှိထားသူရှားပါးခြင်း၊ မီးကြိုးမီတိုင်များမှာလည်း ဒေသတွင်း အကန့်အသတ်ဖြင့်သာ ရရှိခြင်း တို့ကြောင့် အနည်းငယ် အခက်တွေ့စေပါသည်။

**ဆောမြို့နယ်**

လက်ထောက်နည်းပညာမှူးများ ရေပေးဝေရေးလုပ်ငန်းများ၊ Steel Structure လုပ်ငန်းများနှင့် မီးလင်းရေးလုပ်ငန်းများအတွက် တွက်ချက်မှုပိုင်းဆိုင်ရာတွင် အားနည်းမှုရှိခြင်း၊

**ပန်းတောင်းမြို့နယ်**

ပန်းတောင်းမြို့နယ်တွင် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများ အရေအသွေးကောင်းမွန်ရန်အတွက် EPC ဌာနနှင့် ချိတ်ဆက် လုပ်ကိုင် ရပြီး ၄င်းဌာန၏ ဌာနလုပ်ငန်းများပြီးစီးမှသာ ဆောင်ရွက်ပေးသောကြောင့် လုပ်ငန်းပြီးစီးရန် ကျန့်ကြာမှုများ ရှိပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်တွင် ထန်းပင်မှော်ကျေးရွာအုပ်စု၊ ထန်းပင်မှော်ကျေးရွာနှင့် ကန်ကြီးကျေးရွာ(၂)ရွာရှိ မြေသားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများမှာ အလယ်၌ရှိသော မြောင်းများကိုပြုလုပ်ရမည် ဖြစ်သဖြင့် မိုးတွင်းကာလတွင်ရေဝပ်၍ ဆုံးရှုံးမှုဖြစ်နိုင် သောကြောင့် ၎င်းလုပ်ငန်း(၂)ခုမှာ ၂၀၂၀ ခုနှစ် နိုဝင်ဘာလမှသာ စီမံကိန်း ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။

## မိုးကောင်းမြို့နယ်

မိုးကောင်းမြို့နယ်နည်းပညာပိုင်းဆိုင်ရာအနေဖြင့် ယခုသုံးလပတ် စတုတ္ထနှစ်စက်ဝန်း၏SP များပြီးစီးရန် အကောင်ထည်ဖေါ်နေချိန်သည့်ကာလသည် မိုးတွင်းကာလဖြစ်သဖြင့် အဆောက်အဦ များအတွက် လုပ်ငန်းနှောင့်နှေးပါသည်။ ပစ္စည်းဈေးနှုန်း အနည်းငယ် ဈေးတက်ပါသည်။ Monitoring ဆင်းနေဆဲကာလလည်း ဖြစ်ပြီးအကူအညီလိုအပ်ပါက ပြည်နယ်အကြံပေး၊ ပြည်နယ် Infra နှင့်၊ မြို့နယ်Infraများက ကူညီဆောင်ရွက်ပေးပါသည်။

## ရွှေကူမြို့နယ်

ပြည်နယ်ရုံးမှ TFများအား ရုံးပိုင်းနည်းပညာပိုင်းဆိုင်ရာများ ပံ့ပိုးပေးလျှက်ရှိသော်လည်း အမှန် တကယ် စီမံကိန်းလုပ်ငန်းခွဲဆောင် ရွက်သောအချိန်များတွင်လည်းပိုမိုပံ့ပိုးပေးစေချင်ပါသည်။

## လွိုင်ကော်+ရှားတောမြို့နယ်

ရှားတောမြို့နယ်တွင် စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်ရန်အတွက် ကျွမ်းကျင် လုပ်သား ရှားပါးခြင်းကြောင့် လွိုင်ကော်မှ ငှားရမ်းအသုံးပြုရခြင်း။

## ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်

စတုတ္ထနှစ်စက်ဝန်းအတွက် ပြုလုပ်ပြီးဖြစ်သော မြို့နယ်အဆင့်သင်တန်းများ၊ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးများ၊ ကျေးရွာအဆင့် အစည်းအဝေးများ၊ သင်တန်းများအားလုံး၊ နည်းပညာအစည်းအဝေးများအဆင်ပြေမှုရှိပါသည်။

နည်းပညာစည်းရုံးရေးမှူးများသည် အသစ်များဖြစ်ပြီး အတွေ့အကြုံနည်းခြင်းကြောင့် ခန့်မှန်း ကုန်ကျစရိတ်တွက်ချက်ခြင်းနှင့် ဒီဇိုင်းများရေးဆွဲရန် အချိန်ပေးသည့် ကာလထက် အနည်းငယ် နောက်ကျနေသည်ကို တွေ့ရှိရပါသည်။

စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချို့သော နည်းပညာ စည်းရုံးရေးဝန်ထမ်းများသည် လုပ်ငန်းအတွေ့အကြုံ အားနည်းခြင်းကြောင့် အနည်းငယ် အားနည်းချက်ရှိသည်ကိုတွေ့ရပါသည်။ ပြည်နယ်အင်/ယာနှင့် မြို့နယ်အင်/ယာ အဖွဲ့မှလည်း ကူညီပံ့ပိုးဆောင်ရွက်လျှက်ရှိ ကြပါသည်။ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်စဉ်တွင် ခန့်မှန်းတွက်ချက်ထားသည့်အတိုင်း ကုန်ကျမှုနည်းပါးပြီး ပိုငွေများထွက်လာခြင်းကြောင့် ထပ်တိုး လုပ်ငန်းများ လုပ်ဆောင်ရာတွင် သက်ဆိုင်ရာ အင်/ယာအဖွဲ့မှ ကူညီဆောင်ရွက်လျှက်ရှိပါသည်။

## ကော့ကရိတ်မြို့နယ်

MIS Server Desktop ပျက်နေသဖြင့် Upload တင်ရန်အခက်အခဲဖြစ်နေသောကြောင့် ပြင်ဆင်ရန်အတွက် UNION သို့ပေးပို့ထားပါသည်။

**တွန်းဇံမြို့နယ်**

လက်ထောက်နည်းပညာမှူးများမှာ ကျောင်းပြီးစ အတွေ့အကြုံ နည်းပါးသေးသဖြင့် နည်းပညာထောက်ပံ့မှုသင်တန်းများ လိုအပ်ပါသည်။ (ဥပမာ – Auto card training, Water, Electricity,) ရေ အရည်အသွေး စမ်းသပ်ရာတွင်လည်း အသုံးပြုရမည့် ဆေးများ ပြည့်စုံစွာ မရှိသည့် အတွက် စစ်ဆေးရမည့် အရေအတွက်မပြည့်စုံနိုင်ခြင်း။

ကိုရိုနာဗိုင်းရပ်စ် (COVID 19) ကာကွယ် တားဆီးရေးကာလအတွင်း သင်တန်းများအား ခေတ္တရပ်နားထားရသဖြင့် လက်ထောက်နည်းပညာမှူး၊ လူထုစည်းရုံးရေးမှူးများ အတွက် TTF1.2 and Operational and Maintenance မဆောင်ရွက်နိုင်သည့်အတွက် ဝန်ထမ်း အသစ်များ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါသည်။ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော် (ရုံးချုပ်) ပြည်ထောင်စုအဆင့် ဝယ်ယူရေး၏ လမ်းညွှန်ချက်များဖြင့် Cardno Myanmar မှ ပေးပို့ထားသည့် Engineering equipment အသုံးပြုမှုများအား လက်တွေ့သင်တန်း မပေးရသည့် လုပ်ငန်းခွဲ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်မှု အားနည်းခဲ့ပါသည်။

**မတူပီမြို့နယ်**

အသေးစားရေအား လျှပ်စစ်စီမံကိန်းများအတွက် နည်းပညာပိုင်းဆိုင်ရာ တွက်ချက်မှု သင်တန်းများ ဖွင့်လှစ်ပို့ချပေးစေလိုပါသည်။

**ပေါင်မြို့နယ်**

ပေါင်မြို့နယ်တွင် Covid –19 ကာလအတွင်း လူစုလူဝေးမဖြစ်စေရန် အတွက် လူထုစစ်ဆေးပွဲများ ရပ်ဆိုင်းထားခဲ့ရပါသည်။ ဇွန်လထဲတွင် Union ၏ လမ်းညွှန်မှုအတိုင်း လူထုစစ်ဆေးပွဲများ လုပ်ဆောင်နေပြီးဖြစ်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ကျေးရွာအများတွင် မိုးတွင်း လမ်းလုပ်ငန်းများလုပ်ဆောင်ရာတွင် မိုးရေရှိနေခြင်းကြောင့် ကွန်ကရစ်ဖျော်စပ်ရာတွင် ရေပမာဏလျှော့သုံးရန်ရွာ သားများအား သတိပေးရခြင်းရှိပါသည်။ လမ်းခင်းရာတွင်လည်းမိုးရေအကာအကွယ်များဖြင့် ကာရံလုပ်ဆောင်ခိုင်းရပါသည်။

**ပလက်ဝမြို့နယ်**

ကျွမ်းကျင်လုပ်သားရှားပါးခြင်း သက်ဆိုင်ရာဝန်ထမ်းများ ပုံမှန်ကွင်းဆင်းပြီး နည်းပညာ အထောက်အပံ့မပေးနိုင်ခြင်း။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်၌ လက်ထောက်နည်းပညာမှူးများအာလုံးသည်မြို့ပြ(civil)အင်ဂျင်နီယာများ ဖြစ်သည်အတွက် အဆောက်အဦး၊ လမ်းတံတားနှင့် ရေးပေးရေးလုပ်ငန်းများတွင် အခက်အခဲ မရှိသော်လည်းငင်းတို့အနေဖြင့် ရေအားလျှပ်စစ်လုပ်ငန်းများအတွက် အတွေ့ကြုံနှင့် နည်းပညာ

အားနည်းချက်များရှိပါသည်။ လက်ထောက်နည်းပညာမှူးများ အာလုံးသည် သကြ်ံနကာလ အတွင်း ဝင်နေရသည့်အတွက် လုပ်ငန်းများ စတင်ရန် နှောက်နှေးခဲ့ရပါသည်။ Home quarantine

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ်ရှိ ဟိုလွိုင်ကျေးရွာအုပ်စုတွင်းရှိကုန်းမလန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရ ရွေးချယ်သောခန်းမဆောင်ဆောက်လုပ်သည့် လုပ်ငန်းအတွက် ကျေးရွာမှ သတ်မှတ် ပေးထားသောမြေနေရာအားအဖွဲ့အစည်းမှခွင့်မပြုသဖြင့် စီမံကိန်း လုပ်ငန်း သစ်ထပ်မံရွေးချယ် ရန်ရှိပါသည်။ (TPIC) အတည်ပြုချက်များရယူလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ လူထုစစ်ဆေး ပွဲများပြုလုပ်ရန်Hand Speaker အော်လံဖြင့် သတင်းပေးလုပ်ဆောင်ရန် အတွက် Hand Speaker (သို့) အော်လံများလိုအပ်လျှက်ရှိ ပါသည်။ဆိုလာမီးလင်းရေးအတွက် ကျေးရွာမှ လုပ်ဆောင်ရာတွင် လူထုလုပ် အားဖြင့်လုပ်ဆောင်လျှက် ရှိသောလည်းကျွမ်းကျင်လုပ်သား(မီးလင်းရေး) အခက်အခဲအနည်း ငယ်ရှိပါသည်။ ယခုအခါ Covid 19 ကူးစက်ရောဂါကြောင့် ကျေးရွာအတွင်းဝင်ရန်အခက်အခဲရှိပါသည်။ အချို့ကျေးရွာများမှာဝင်ထွက်ခွင့် ပိတ်ထားလျှက်ရှိသည်။ မောက်မယ်မြို့ပေါ်တွင်လည်းညဂုနာရီအပြင်ထွက်ခွင့်အား (၃.၄.၂၀၂၀)တွင်ထုတ်ပြန်ရန် ရှိသည်ဟု သိရပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်၌ တတိယနှစ်စက်ဝန်းတွင် သစ်တောကြိုးဝိုင်းအတွင်း ကျရောက်နေသောကျေးရွာများတွင် စီမံကိန်း လုပ်ငန်းခွဲ ဆောင်ရွက်နိုင်ရန် သစ်တောဦးစီးဌာန၏ ထောက်ခံစာ/ သဘောထား မှတ်ချက် ရယူရန် ခက်ခဲမှုရှိပါသည်။ ပြည်ထောင်စုအဆင့်သို့ တင်ပြထားပြီးဖြစ်သည်။ လုပ်ငန်းဆောင်ရွက်နိုင်ရန် ပြည်နယ် CDD တာဝန်ရှိသူများမှ အဆင့်ဆင့် ဆောင်ရွက်လျက်ရှိသည်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့နယ်၌ COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်သည့် ကာလ ၂၀၂၀ ခုနှစ်၊ မတ်လမှ စတင်၍ ကျေးရွာများသို့ ပုံမှန်သွားရောက်ကာ လူထုနှင့် တွေ့ဆုံဆွေးနွေး နည်းပညာပံ့ပိုးရန် အခက်အခဲ အနည်းငယ်ရှိပါကြောင်း တင်ပြအပ်ပါသည်။ တစ်မြို့နယ်လုံးရှိ ကျေးရွာများမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အတွက် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ရာတွင် လုပ်ငန်းသုံးပစ္စည်းများ ကုန်စျေးနှုန်းကြီးမားခြင်း၊ သယ်ယူစရိတ်ကြီးမားခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်း များရှိပါသည်။

**(ခ) စီမံကိန်းမှ ထောက်ပံ့သောအသုံးအဆောင်ပစ္စည်းအခက်အခဲများ**

**ခနောဖြူမြို့နယ်**

ခနောဖြူမြို့နယ်အနေဖြင့် TVS ,DT အပိုပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်မှု ခက်ခဲခြင်း၊ Computer များ Servicing လုပ်ရန် IT ကျွမ်းကျင်သူတစ်ဦး ရုံးသို့ လာရောက် စစ်ဆေး ပေးနိုင်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

**အင်္ဂပူမြို့နယ်၊**

အင်္ဂပူမြို့နယ်အနေဖြင့် TVS ,DT အပိုပစ္စည်းများ အလွယ်တကူ ဝယ်ယူ၍ မရခြင်း၊

**ကျောက်တန်းမြို့နယ်**

နေပြည်တော်(ရုံးချုပ်)သို့ ပေးပို့ထားသော Tablet ( ၂ )လုံးအား အမြန်ဆုံးပြင်ဆင်ခွင့် ရရှိချင်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

ဝန်ထမ်းများအား Tablet (၃၅) လုံး ပေးထားပြီး Tablet (၁၂) လုံး ပျက်စီး (၁) လုံး ပျောက်ဆုံးနေပါသဖြင့် ပျက်စီးနေသော (၁၂) လုံးအား အမြန်ဆုံး ပြန်လည်ပြင်ဆင် ပေးနိုင်ပါက ပိုကောင်းပါမည်။ သို့မှသာ ဒေတာသွင်းခြင်းအား နှောင့်နှေးမှု မရှိမှာ ဖြစ်ပါသည်။ စီမံကိန်း စက်ဝန်း ပြီးစီးသည်မှာ (၃) နှစ် ရှိပြီဖြစ်သောကြောင့် ဖိုင်တွဲများထားရှိရန် နေရာများ စီစဉ်ပေးသင့်ပါသည်။ (ဥပမာ။ တစ်နှစ်စာအတွက် ဖိုင်တွဲများထားရှိရန် သော့ခတ်၍ရသော ဘီဒိုများ တစ်နှစ်လျှင် Sector တစ်ခုအတွက် အနည်းဆုံး တစ်လုံးခန့်လိုအပ်ပါသည်။ (Finance, M & E, Procurement and Infra Sector များအတွက်)

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းကားမှာ မကြာခဏချို့ယွင်းမှုကြောင့် သွားလာရန်ခက်ခဲခြင်းနှင့်ပြင်ဆင်စရိတ်မြင့်မားခြင်းကြောင့် စီမံကိန်းပြီးဆုံးသွားသောမြို့နယ်များမှ အသုံးပြုရန် အဆင်ပြေသောကားတစ်စီးနှင့် လဲပေးမည်ဆိုပါက ပိုမိုအဆင်ပြေနိုင်ပါမည်။

**ရမည်းသင်းမြို့နယ်**

လမ်းလုပ်ငန်းများအတွက် စက်ယန္တရားများ အချိန်နှင့်တပြေးညီငှားရန် အခက်အခဲရှိပါသည်။

**ဆောမြို့နယ်**

Honda (125) မော်တော်ဆိုင်ကယ်အတွက် အပိုပစ္စည်းများ ရှားပါးပါကြောင်း၊ ပျက်လျှင် ဆောမြို့နယ်၌ ပြင်ဆင်ရန်ခက်ခဲခြင်း၊

### ရွှေကျင်မြို့နယ်

ရွှေကျင်မြို့နယ်တွင် TTA (Team Leader) အသုံးပြုနေသည့် laptop မှာ ပြန်လည် ပြုပြင်ရန် အတွက် union သို့ပေးပို့ ထားပြီးယခုအချိန်ထိပြုပြင်ပေးခြင်း မရှိသေးသည့်အတွက် Laptop အခက် အခဲရှိပါသည်။

### ပျဉ်းမနားမြို့နယ်

နောက်ဆုံးနှစ်မြို့နယ်ဖြစ်သည့်အတွက် ဆိုင်ကယ်များ မကြာခဏပျက်စီးမှု ရှိပါသည်။ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရန်အတွက် ပြင်ဆင်မှုများအချိန်မှီခွင့်ပြုပေးရန် လိုအပ်ပါသည်။ မြို့နယ်တွင် ရွာဖိုင်များထားရှိရန် ဗီဒိုအခက်အခဲရှိပါသည်။

စီမံကိန်းသုံးမော်တော်ယဉ်မှာ မတော်တဆထိခိုက်မှုဖြစ်ပွားခဲ့ရာ လုံးဝပြုပြင်လို့မရသည့် အခြေအနေရှိသဖြင့် အထက်အဆင့်ဆင့်မှ အရေးယူဆောင်ရွက်လျက်ရှိပါသည်။ယခုအခါ စီမံကိန်း ကျေးရွာများသို့ ကွင်းဆင်းရန် အခက်အခဲများ ရှိနေပါသဖြင့် စီမံကိန်းသုံး မော်တော်ယာဉ် အစားထိုး ခွင့်ပြုရန် အထက်သို့ တင်ပြထားရှိပါသည်။

### မိုးကောင်းမြို့နယ်

CDD လုပ်ငန်းသုံးပစ္စည်းများအနေဖြင့်မိတ္တူ ကူးစက် (TOSHIBA Copier) မှာ Error ဖြစ်နေခြင်း ကြောင့် ပြုပြင်၍သုံးစွဲလျက်ရှိပြီး မိတ္တူ ကူးစက် (Samsung Copier) မှာ ပျက်နေသဖြင့် ပြုပြင်ရန်လိုအပ်လျက်ရှိပါသည်။

### ပူတာအိုမြို့နယ်

ပူတာအိုမြို့နယ်အနေဖြင့် ဆိုက်ကယ်အပိုပစ္စည်းများနှင့် First Aid Kit များ လိုအပ်လျှက်ရှိသည်။ ဆိုင်ကယ် အပိုပစ္စည်းများ လဲလှယ်ရန်အတွက် လိုအပ်သောပစ္စည်းစာရင်းကို ပြည်နယ်သို့ တင်ပြ အစီရင်ခံ ထားပါသည်။ Procurement Officer အသုံးပြုနေသော ASUS Laptop တစ်လုံး Hard Disk ပျက်ခြင်း ဖြစ်စဉ်ကို ပြည်နယ်သို့ တင်ပြအစီရင်ခံထားပါသည်။Team Leader ၊ Finance Officer ၊ M&E, MIS Officer (TTA) တို့ အသုံးပြုလျက်ရှိသော Desktop Computer များရှိ UPS (၃) လုံးမှာ လျှပ်စစ်မီးပျက်ချိန်တွင် ပါဝါသိုလှောင်နိုင် စွမ်းအားမှာ (၃)မိနစ်ခန့်သာ သိုလှောင်နိုင်ပါသည်။ ဖြစ်စဉ်ကို ပြည်နယ်သို့ တင်ပြ အစီရင်ခံထားပါသည်။

### ရွှေကူမြို့နယ်

Computer, Color Printer နှင့် မိတ္တူကူးစက်များ စစ်ဆေးပြုပြင်ရန်အခက်အခဲရှိပါသဖြင့် ပြုပြင်ရန် ရုံးချုပ်မှ ပညာရှင်စေလွှတ်ပေးစေလိုပါသည်။

## ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးခွဲသည် DT ဆိုင်ကယ်ကို(၁၀)စီးပံ့ပိုးပေးခဲ့ပါသည်။ သို့သော်လက်ရှိအချိန်တွင် ဆိုင်ကယ်အကြီး(၁)စီးသည် ပျက်စီးပြီး ပြန်လည် ပြင်ဆင်ရန်ကြိုးစားသော်လည်း အပိုပစ္စည်းများမရှိခြင်းကြောင့် အခက်အခဲကြုံတွေ့ ရပါသည်။ TVS ဆိုင်ကယ်များသည် အင်ဂျင်ပါဝါ ၁၁၀ သာရှိသောကြောင့် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသသို့ကွင်းဆင်းသွားသည့်အခါ တောင်မတက်နိုင်ခြင်းများနှင့် ကြုံတွေ့နေရ ပါသည်။

စီမံကိန်းမှ ပံ့ပိုးပေးသောပစ္စည်းများသည် လုပ်ငန်းများအကောင်အထည်ဖော်ရန် အတွက် လုံလောက်မှုရှိပါသည်။ ဝန်ထမ်းများသို့ပေးထားသော Tablet များသည် လုပ်ငန်း ကွင်းဆင်း ရာတွင် ဆိုင်ကယ်မှောက်ခြင်းကြောင့် အချို့စက်များသည် မှန်ကွဲခြင်းများ၊ ဘက်ထရီပြဿနာများ ကြောင့် ဖွင့်မရသည့်စက်များလည်းရှိပါသည်။ ပျက်စီး၍အသုံးပြုမရသောTablet များကိုလည်း ပြည်ထောင်စု အဆင့်သက်ဆိုင်ရာ ဝယ်ယူရေးဌာနနှင့် စောင့်ကြည့်ကြီးကြပ်ရေး ဌာနများသို့ အစီရင်ခံစာ ပေးပို့ပြီးကြောင်း တင်ပြအပ်ပါသည်။

## ကြာအင်းဆိပ်ကြီးမြို့နယ်

TOSHIBA မိတ္တူကူးစက် Catridge လဲလှယ်မှာယူရာတွင်ဝယ်ယူလဲလှယ် ဆောင်ရွက်ပြီးပါကြောင်း တင်ပြအပ်ပါသည်။

## လှိုင်းဘွဲမြို့နယ်

Mask နှာခေါင်းစည်း မလုံလောက်၍ ဝန်ထမ်းများ လုပ်ငန်းခွင်တွင် ပြည့်ပြည့်ဝဝမသုံးနိုင်သောကြောင့် ရောဂါကာကွယ်ရန် ထိရောက်မှုအားနည်းပါသည်။

## ကော့ကရိတ်မြို့နယ်

မိတ္တူကူးစက်တစ်လုံးတည်းသာရှိသဖြင့် စာရွက်၊ စာတမ်းများ/ သင်တန်းလက်စွဲ စာအုပ်များ မိတ္တူကူးရန်အတွက် အခက်အခဲရှိပါသည်။ ထို့ကြောင့် UNION သို့ မိတ္တူကူးစက်အသစ်တစ်လုံးထပ်မံပံ့ပိုးပေးရန်တင်ပြထားပါသည်။

## ပေါင်မြို့နယ်

ပေါင်မြို့နယ်တွင်မိတ္တူကူးစက်နှင့် မော်တော်ဆိုင်ကယ် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် ခက်ခဲပါသည်။ အထူးသဖြင့် Honda 125ဆိုင်ကယ်အတွက် ပစ္စည်းဝယ်ယူရန် ခက်ခဲပါသည်။

## ပုဏ္ဏားကျွန်းမြို့နယ်

ကွန်ကရစ်ဖျော်စက်ငှားရမ်းမှုခက်ခဲခြင်း၊ ငှားရမ်းခဈေးနှုန်းကြီးမားနေသည်။ မိုးတွင်း ကာလ ပစ္စည်းသယ်ယူပို့ဆောင်ရေးတွင် အခက်အခဲရှိပြီး သဲများ အနည်းငယ် အလေအလွင့်ရှိနေပါသည်။

**ပလက်ဝမြို့နယ်**

ပလက်ဝမြို့နယ်အတွင်း လုံခြုံရေးအခြေအနေအရ ပလက်ဝမြို့နှင့် ကျေးရွာများသို့ သွားလာမှုပုံမှန်မပြုလုပ်နိုင်ခြင်း အခြားမြို့နယ်များနှင့် ဆက်သွားလာမရခြင်းတို့ကြောင့် ပစ္စည်း သယ်ယူနိုင်မှုမရှိခြင်း၊ လုပ်ငန်းပစ္စည်းများပြတ်လပ်ခြင်း၊ အချို့ပစ္စည်းများ ဈေးနှုန်း အဆက်မတန် တက်ခြင်း (ဥပမာ-ပလက်ဝမြို့ပေါ်တွင် ဘိလပ်မြေ (၁)အိတ်လျှင်(၂၂၀၀၀)

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ် ၌ တချို့ဆိုင်ကယ်များ breakများ၊ တာယာများလှဲရန်၊ အင်ဂျင်များ ပြုပြင်ရန် လိုအပ်နေပါသည်။ ပြည်ထောင်စု အဆင့်သို့ ပြင်ဆင်ခွင့် ရရှိနိုင်ရန် တင်ပြထားပြီး ဖြစ်သည့်အတွက် ဇွန်လိုင်လ ရက်နေ့တွင် ဆိုင်ကယ်များ ပြုပြင်နိုင်ရန် (၇) ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ် ကဒူးကြီးကျေးရွာအုပ်စုရှိနားဟီးကျေးရွာခန်းမဆောင် ဆောက် လုပ်ရန် ဘိလပ်မြေ/ကျောက်ရရှိရန်ခက်ခဲခြင်း၊ ဘဏ်တွင်ငွေအလုံအလောက်မရှိ၍ အရစ်ကျ ငွေအား ခွဲထုတ်ရခြင်း။ ကျေးရွာကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအတွက် လမ်းကြိတ်စက်၊ ကွန်ကရစ် ဖျော်စက်များ အလုံအလောက်မရခြင်း၊ (နတလ)တံတားဆောက်လုပ်နေသည့် ကျေးရွာ အဖက်ခြမ်းတွင် လမ်းလွဲများ ဆောက်ပေးသော်လည်း လမ်းမတ်စောင်ခြင်းကြောင့် ပစ္စည်း သယ်ယူရန် ခက်ခဲသည်။

**ရှမ်းပြည်နယ်**

ဆီဆိုင်မြို့နယ် ၊ မောက်မယ်မြို့နယ်၊ မဘိမ်းမြို့နယ် မိုင်းခတ်မြို့နယ်စသည့် ရှမ်းပြည်နယ် တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း မြို့နယ်များ၌စီမံကိန်းမှထောက်ပံ့ပေးသော ပစ္စည်း အမျိုးအစားများအတွက် အပိုပစ္စည်း ဝယ်ယူရန်ခက်ခဲခြင်း၊ Serviceပြုလုပ်ရန်အတွက် နည်းပညာရှင် ခေါ်ရန်အခက်အခဲရှိခြင်း များရှိပါ ကြောင်းတင်ပြအပ်ပါသည်) Samsung Copier Machine (Multi Xpress k3300NR) နှင့် Canon Printer  Canon Printer (Image CLASS LPB 214dw) တို့ဖြစ်ပါသည်။

**(ဂ) ဝန်ထမ်းဆိုင်ရာအခက်အခဲ**

**ဓနုဖြူမြို့နယ်**

ဓနုဖြူမြို့နယ်အနေဖြင့် လူထုစည်းရုံးရေးမှူးတစ်ဦး လစ်လပ်သဖြင့် အစားထိုးခန့်ထားနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ငပုတောမြို့နယ်**

ကျေးလက်ဦးစီးဌာနဝန်ထမ်း၊ Procurement နှင့် အလယ်ကျွန်း Cluster တာဝန်ယူသည့် ဦးဖြိုးမင်းဇော်သည်ဒုတိယဦးစီးရာထူးတိုးနှင့်လပွတ္တာသို့ ပြောင်းရွှေ့ တာဝန်ယူရသည့် အတွက် ငပုတောမြို့နယ်၊ Procurement နှင့် အလယ်ကျွန်း Cluster တာဝန်အတွက်အခက်အခဲ ရှိပါသည်။ ယခုအခါ Phase out ကာလသို့ရောက်ရှိနေပြီဖြစ်၍ Documentations များစွာဆောင်ရွက်နေရချိန် လည်း ဖြစ်နေပါသောကြောင့် ပိုမို အရေးကြီး နေချိန်လည်းဖြစ်ပါသည်။

**ကျောက်တန်းမြို့နယ်**

ယခု သုံးလပတ်အတွင်း မြို့နယ် အကြံပေးဝန်ထမ်းများမှ CSAG တာဝန်ခံသည် လုပ်ငန်းမှ နှုတ်ထွက်သွားသဖြင့် အသစ် ပြန်လည်ခန့်အပ်ပြီးပါသည်။ လူထုစည်းရုံး ရေးမှူးများတွင် ၂ဦးမှာ လုပ်ငန်းမှ နှုတ်ထွက်သွားသဖြင့် (၁)ဦး ပြန်လည်ခန့်အပ်ထားပြီး ကျန်တစ်ဦးကို ခန့်အပ်နိုင်ရန် ခွင့်ပြုချက် တောင်းခံနေပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

စတုတ္ထနှစ်စက်ဝန်းတွင် ဝန်ထမ်းများ နှုတ်ထွက်မှုများလာပြီး အချိန်မှီပြန်လည် အစားထိုးရန် အခက်အခဲရှိသောကြောင့် လုပ်ငန်းများနှောင့်နှေးခြင်း။ အထူးသဖြင့် လက်ထောက် နည်းပညာမှူး များအတွက် အတွေ့အကြုံရှိဝန်ထမ်းရရှိရန် ခက်ခဲခြင်းနှင့် အမျိုးသား ဝန်ထမ်းများ ခေါ်ယူရာတွင် ခက်ခဲခြင်း။ Covis–19 ကာလအတွင်း ဝန်ထမ်းများ၏ လုံခြုံမှုအတွက် လုံလောက်သော ထောက်ပံ့မှုများ ရရှိရန်အတွက် (နှာခေါင်းစည်း၊ လက်သန့်ဆေးရည် စသည့်) အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးပေးနိုင်မှု မရှိခြင်း။

**ရမည်းသင်းမြို့နယ်**

TF(၁)ဦး၊ CF(၁)ဦးလစ်လပ်လျက်ရှိပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်တွင် Township infra မှာ Onduty ဖြင့် Master Degree တက်ရောက် သင်ယူနေပါသည်။ ဧပြီလမှစ၍ကျောင်းများခေတ္တပိတ်ထားသဖြင့် လုပ်ငန်းခွင်တွင် ပြန်လည် ဝင်ရောက် ထမ်းဆောင်နေပါသည်။ သို့သော်ကျောင်းပြန်ဖွင့်လျှင် ကျောင်းပြန်တက်ရမည်ဖြစ်သဖြင့် ၎င်းနေရာတွင်လစ်လပ်ပြီး လုပ်ငန်းဆောင်ရွက်ရာ တွင်အခက်အခဲရှိနိုင်ပါသည်။ Township Infra ကျောင်းတက်နေချိန်အတွင်း Regional Infra မှ Township Infra ၏ လုပ်ငန်းတာဝန်များကို မြို့နယ်တွင်ရုံးထိုင်ကာ တာဝန်ထမ်းဆောင်ရွက်ခဲ့ရပါသည်။

၂၀၂၀ ခုနှစ်ဇွန်လ(၂၃)ရက်နေ့တွင် Senior CF (မ)တစ်ဦး အလုပ်မှနုတ်ထွက်ခွင့်တလ ကြိုတင်ထားပါသည်။ တတိယနှစ်စက်ဝန်းမစတင်မှီ အချိန်မှီအစားထိုးရန် လိုအပ်ပါသည်။ လတ်တ လောတွင် ပြည်ထောင်စုအဆင့်မှ ဝန်ထမ်းများအစားထိုး ရွေးချယ် ခန့်အပ်ခြင်းများကို ခေတ္တ ဆိုင်းငံ့ထားရန်ညွှန်ကြားထားပါသည်။ Covid–19 ကပ်ရောဂါကြောင့် လူစုလူဝေး မပြုလုပ်ရခြင်း နှင့် ဒေသန္တရအမိန့်အချို့ကြောင့် လုပ်ငန်းများနှောင့်နှေးခဲ့ပါသည်။

## ပူတာအိုမြို့နယ်

ပူတာအိုမြို့နယ်အနေဖြင့် လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ပေးထားသော ကျေးလက်ဦးစီးမှ ဝန်ထမ်းများ မိခင်ဌာနလုပ်ငန်းများ ရှိနေခြင်းကြောင့် စီမံကိန်းတွင်အချိန်ပေးနိုင်မှု နည်းပါးလျက် ရှိပါသည်။

## ရွှေကူမြို့နယ်

ရွှေကူမြို့နယ်အနေဖြင့် လက်ထောက်နည်းပညာမှူးတစ်ဦးလျင် စီမံကိန်းလုပ်ငန်းခွဲ (၂၀) ကျော် ဆောင်ရွက်နေရခြင်းကြောင့် Estimate တွက်ခြင်း၊ Infra file ပြုလုပ်ခြင်း၊ RE ပြန်လည် တွက်ချက်ခြင်း လုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာခဲ့ရပါသည်။ သို့ဖြစ်ပါ၍ စီနီယာလက်ထောက် နည်းပညာမှူး(တစ်ဦး) အမြန်ဆုံးခန့်ထားပေးနိုင်ပါက လုပ်ငန်းများ အချိန်မှီပြီးစီးနိုင်မည်ဖြစ်ပါ သည်။

## လွိုင်ကော်မြို့နယ်

လွိုင်ကော်မြို့နယ်စီမံကိန်းတာဝန်ခံ ဦးတင်ကိုလတ်၊ ဦးစီးအရာရှိသည် ဘောလခဲ မြို့နယ် ကျေးလက်ဦးစီးဌာနသို့ မြို့နယ်ဦးစီးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင် ရပါသဖြင့် လစ်လပ် သွားသော မြို့နယ်စီမံကိန်းတာဝန်ခံနေရာတွင် လွိုင်ကော်မြို့နယ် ကျေးလက်ဦးစီးဌာန ဒေါ်အိအိခင်၊ မြို့နယ်ဦးစီးမှူးမှ မြို့နယ်စီမံကိန်း တာဝန်ခံအဖြစ်လည်းကောင်း၊ CSAG တာဝန်ခံ ဦးလှခေးမှ ဘောလခဲခရိုင်ကျေးလက်ဦးစီးဌာနသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရ သော်လည်း လုပ်ငန်းလိုအပ်ချက်အရ လွိုင်ကော်+ရှားတောမြို့နယ်၏ စီမံကိန်းပြီးဆုံးသည်အထိ ပူးတွဲတာဝန်ယူ ဆောင်ရွက်လျှက်ရှိပါသည်။

## လှိုင်းဘွဲမြို့နယ်

အလုပ်ထွက်သော ဝန်ထမ်းမှာ ပုံမှန်ကဲ့သို့လစဉ်တည်ရှိနေဆဲဖြစ်သည်။ ထိုကိစ္စသည် ကျေးရွာများ၏ အချိန်ပေးပူးပေါင်းပါဝင်မှုအားနည်းခြင်း၊ စီမံကိန်းသဘောတရားများနှင့် လုပ်ငန်းစဉ် အဆင့်များပြားခြင်း၊ အထူးသဖြင့် လက်ထောက်နည်းပညာမှူးများအနေဖြင့် လုပ်ငန်းအတွေ့ ကြုံအားနည်းခြင်းကြောင့် ဆောက်လုပ်ရေးအပိုင်းလုပ်ငန်းစီမံခန့်ခွဲမှုများ အားနည်းခြင်း၊ ထိုကဲ့သို့ သော ကိစ္စများကြားဝန်ထမ်းသစ်များ အနေဖြင့်လုပ်ငန်း အရည်အသွေး ကောင်းမွန်အောင် ဆောင် ရွက်နေရသည်မှာ စိန်ခေါ်မှုတရပ် အနေဖြင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။

## ကော့ကရိတ်မြို့နယ်

လူထုစည်းရုံးရေးမှူး (၂) ဦးလစ်လပ်နေသော်လည်း ပြည်လည်ခန့်အပ်နိုင်မှုမရှိသေးပါ။ ဝန်ထမ်းအသစ်ပြန်လည်ခန့်အပ်ရေးလုပ်ငန်းစဉ်များကို ရပ်ဆိုင်းထားရန် UNION မှညွှန်ကြား ထားပါသည်။

**ပေါင်မြို့နယ်**

ပေါင်မြို့နယ်တွင် စီမံကိန်းကားယာဉ်မောင်းအပြောင်းအလဲရှိခဲ့ပါသည်။ Covid ကာလဖြစ်၍ အနည်းငယ် ကြန့်ကြာမှုရှိပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ဝန်ထမ်းများတစ်ဦးချင်းအလိုက် ခရီးသွား လာရေးအတွက် လစဉ်ခရီးသွားမည့် အစီအစဉ်များကို ပြည်နယ်နှင့်ချိတ်ဆက် လုပ်ဆောင် ထားရှိပါသည်။ ဝန်ထမ်းများခရီးသွားလာရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ချိတ်ဆက်ပြီး ဒေသအခြေအနေ ကို စုံစမ်းမေးမြန်းကာ ခရီးထွက်နိုင်ခြေရှိလျှင်ခရီးသွားလာမှုပြုလုပ်ကြပါသည်။ ဝန်ထမ်းများလုံခြုံရေးအတွက် ရုံးနှင့် ချိတ်ဆက် သွားလာရန်ညွှန်ကြားထားပါသည်။

**ပလက်ဝမြို့နယ်**

နယ်မြေလုံခြုံရေးအရ ပုံမှန်ကွင်းဆင်းဆောင်ရွက်နိုင်ခြင်းမရှိသည်ကို အခြေခံပြီး ၂၀၂၀ ခုနှစ် ဧပြီလမှစ၍ CF ဝန်ထမ်း(၁၀)ဦးဖြင့်သာ လုပ်ငန်းဆောင်ရွက်ရန်လျာထားသော်လည်း ခန့်ထားပြီး(၁)လခန့်အကြာတွင် ပလက်ဝမြို့မှ သွားလာရန် လမ်းများပိတ်ထားဆဲဖြစ်သဖြင့် ကွင်းဆင်းပြီး လုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိသေးခြင်းကြောင့် ဖြစ်ပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ် တွင်နှုတ်ထွက်သွားသော ဝန်ထမ်းတစ်ဦး နေရာတွင် အချိန်မီအစားထိုး (TF) တခြားမြို့နယ်သို့ finance counterpart ခန့်အားထားနိုင်ရန်ဆောင်ရွက်လျက်ရှိပါသည်။။။ ပြောင်းရွှေ့သွားသဖြင့် လစ်လပ်မှုရှိနေပါသည်။ t

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ် တွင်ပြည်ထဲရေး အမည်မပေါက်ကျေးရွာ (၉) ရွာထက်မံတိုးလာသည့် အပေါ် CFs ၊ TF (၂) ဦးလိုအပ်လျက်ရှိပါသည်။ မဘိမ်းမြို့နယ်လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျေးလက်ဦးစီး ဌာန မှ စီမံကိန်းတာဝန်ခံ၊ ကျာမရေးရာတာဝန်ခံနှင့် ဘဏ္ဍာရေးတာဝန်ခံသုံးဦးတို့မှ ယခု လ (ဇွန်လ) အတွင်း ရာထူးတာဝန် နှင့် မြို့နယ်များ ပြောင်းရွှေ့ရသောကြောင့် လက်ရှိတွင် ဝန်ထမ်း သုံးဦးထိ လစ်လပ်နေပါသည်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့နယ် ၌ လက်ထောက်နည်းပညာမှူးရာထူး နှင့် လူထုစည်းရုံးရေးမှူး ရာထူးများ လစ်လပ်ပါက အစားထိုးခန့်အပ်နိုင်ရန် မိုင်းခတ်မြို့နယ်အတွင်း သတ်မှတ်အရည်အချင်း နှင့် ကိုက်ညီသော၊ ဒေသဘာသာစကားဖြင့် ကောင်းမွန်စွာ ဆက်သွယ်ပြောဆိုနိုင်သော လူအရင်းအမြစ်များ နည်းပါးပါကြောင်း တင်ပြအပ်ပါသည်။

(ဃ) နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ

**ပေါ့တောမြို့နယ်**

ပေါ့တောမြို့နယ်သည် ပင်လယ်ပြင် ပတ်လည်ဝန်းရံနေသော ဧရိယာဖြစ်၍ အလယ်ကျွန်း၊ ရေတက်ကောင်း Cluster နှင့် ဟိုင်းကြီး Cluster များသို့ ကွင်းဆင်းသွားလာရာတွင် ဂရုစိုက်၍ သွားလာရပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးသည် ယခုအခါ **Covid 19** ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားလျှက်ရှိ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာသူရွာသားများ၏ စိုးရိမ်ပူပန်မှုများ မြင့်မားလျှက်ရှိပါသည်။ ကျေးရွာတွင်း ဝင်ခွင့်မရသော ကျေးရွာများမရှိသော်လည်း ပြင်ပလူများနှင့် ထိတွေ့ပြောဆိုဆက်ဆံရန် မဝံ့မရဲဖြစ်နေသည်များ ကြုံတွေ့ခဲ့ရပါသည်။

**ပျော်ဘွယ်မြို့နယ်**

ဝန်ထမ်းများလုယက်မှုမဖြစ်စေရေးအတွက် အလှမ်းဝေးကွာသော ကျေးရွာ များသို့ သွားလာရာတွင် တစ်ဦးတစ်ယောက်တည်းမသွားရန်နှင့် တာဝန်ကျ ဝန်ထမ်း ၂ ဦး အတူသွားလာ လုပ်ကိုင်ကြရန် အစည်းအဝေးများတွင် အသိပေး ဆောင်ရွက်ထားပါသည်။

**ပေါက်မြို့နယ်**

ရေနံလက်ယက်တွင်းတူးဖော်နေသည့်နယ်မြေများသို့ သွားရောက်ရာတွင် လုံခြုံမှုအားနည်းခြင်း၊ ကျေးရွာများတွင် အစည်းအဝေး များ ပြုလုပ်ရာတွင် လူစုရခက်ခဲခြင်းတို့ ကြုံတွေရပါသည်။

**ထီးလင်းမြို့နယ်**

နယ်မြေလုံခြုံမှု အနေဖြင့် ထူးခြားဖြစ်စဉ်မရှိ သော်လည်း COVID–19 အခြေအနေ ကြောင့် စီမံကိန်းကျေးရွာများသို့ ကွင်းဆင်းနိုင်မှုအခြေအနေ နည်းခြင်း၊ လူစုလူဝေးနှင့်လုပ်ရမည့် ကိစ္စများအား ယာယီရပ်ဆိုင်းထားရခြင်း၊ တစ်ချို့ကျေးရွာများတွင် စီမံကိန်း လုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်း နှင့် ကျေးရွာအတွင်း အဝင် အထွက်များ ယာယီပိတ်ပင်ထားခြင်း၊ ဝန်ထမ်းများအား လုပ်ငန်းအခြေ အနေအပေါ် မူတည်ပြီး ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများနှင့်အညီ ရုံးတက်နိုင်ရေး စီစဉ်ပေးနေရခြင်း စသည့်အခြေအနေများကြောင့် စီမံကိန်း လုပ်ငန်းများ နှောင့်နှေး ကြန့်ကြာနိုင်ပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် လက်ရှိဆောင်ရွက်နေသော ကျေးရွာများတွင် အခက်အခဲမရှိပါ။ ရဲသောင်ကျေးရွာအုပ်စုတွင် စီမံကိန်းလုပ်ငန်းများအား ခေတ္တရပ်ဆိုင်းထားပြီး ဆောင်ရွက်ခွင့် ရရှိနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းလျက်ရှိပါသည်။ ကရင်အမျိုးသား အစည်းအရုံး၏ ထိန်းချုပ်နယ်မြေအတွင်းရှိသော ကျေးရွာအုပ်စု ၇ အုပ်စုရှိ ကျေးရွာပေါင်း ၁၃ ရွာ၏ စီမံကိန်းလုပ်ငန်းခွဲပေါင်း

၁၄ ခုမှာ ကရင်အမျိုးသား အစည်းအရုံးမှ ရပ်ဆိုင်းထား ရန်ညွှန်ကြားလာပါသဖြင့် (၂၀.၂.၂၀၂၀) မှစတင်ပြီး လုပ်ငန်းဆောင်ရွက်မှုများအားခေတ္တရပ်ဆိုင်းထားပြီး ညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင် လျှက်ရှိပါသည်။

တတိယနှစ်စက်ဝန်းအတွက် ရန်ပုံငွေများတောင်းခံရာတွင် ၎င်း Union DRD လမ်းညွှန်ချက်အရ ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေအတွင်းရှိသော ကျေးရွာ အုပ်စု ၇ အုပ်စု အတွက် နှစ်ဖက်အစိုးရညှိနှိုင်း ဆောင်ရွက်ပြီးမှသာ ရန်ပုံငွေအား တောင်းခံသွားမည်ဖြစ်ပါသည်။

## ရှားတောမြို့နယ်

ရှားတောမြို့နယ်တွင် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လစဉ်ကရင်နီ တိုးတက်ရေးအဖွဲ့(KNPP)သို့ မိမိဆောင်ရွက်မည့်လုပ်ငန်း၊ ကွင်းဆင်းမည့် ကျေးရွာများ၏ စာရင်းအား အစီအစဉ်ရေးဆွဲတင်ပြရပါသည်။

## ဘောလခဲ၊ ဖားဆောင်းနှင့်မယ်စဲ့မြို့နယ်

ဘောလခဲ၊ ဖားဆောင်းနှင့်မယ်စဲ့မြို့နယ်သည် ခက်ခဲသောဒေသဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများလည်း ပေါင်းစုံရှိပါသည်။ ထိုနည်းတူတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့သည် မိမိတို့ ထိန်းချုပ်ရန်ဒေသများရှိပါသည်။ ထို့ကြောင့် စီမံကိန်းဝန်ထမ်းများသည် ကျေးရွာသို့ကွင်းဆင်းလိုလျှင် သက်ဆိုင်ရာတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများထံသို့ ခွင့်ပြုစာ တောင်းပြီး ခွင့်ပြုမှသာ သွားရောက် ဆောင်ရွက်ရပါသည်။

(၂၅.၆.၂၀၂၀) ရက်နေ့တွင် အုပ်စု(၃)အုပ်စုဘဏ်စာရင်းထဲသို့ အုပ်စုရံပုံငွေများကျန်ရှိနေ ခြင်းနှင့် အုပ်စု(၅)အုပ်စုအတွက် တတိယနှစ်ရံပုံငွေနှင့် စတုထနှစ်စက်ဝန်းများအတွက် လာမည့်နှစ်များတွင် အကောင်ထည်ဖော်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်သွား ရောက်တွေ့ဆုံပြီးဆွေးနွေးတိုင်ပင်ကာ ခွင့်ပြု/မပြု ကိုလာမည့်(၃.၇.၂၀၂၀) ရက်နေ့တွင် အကြောင်းပြန်မည်ဖြစ်ကြောင်း သဘောတူ ဆွေးနွေး တိုင်ပင်ကြပါသည်။

ကယားပြည်နယ်သည် လက်ရှိတွင်ဒေသငြိမ်းချမ်းရေးဖြစ်စဉ်သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် မြန်မာနိုင်ငံ အစိုးရတို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအဆင့်တွင်သာ ရှိနေသေးသောကြောင့် ဝန်ထမ်းများ ကွင်းဆင်းရန်တွင် လုံခြုံရေးအတွက် အာမခံချက်မရှိပါ။ တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကိုလည်း လက်မှတ်မထိုးသေးသောကြောင့် ဝန်ထမ်းများသည်ကွင်းဆင်းလိုသည့်အချိန်တိုင်းကွင်းဆင်း၍ မရနိုင်ပါ။ သက်ဆိုင်ရာ ခရိုင်အဆင့်မှခွင့်ပြုစာရှက်နှင့်တကွကွင်းဆင်းရပါသည်။

## လွိုင်းဘွဲမြို့နယ်

COVID 19 ကာလတွင် တိုင်းရင်းသားလက်နက်ကိုင်များ နေထိုင်ရာဒေသများတွင် ကွင်းဆင်း ရာတွင် ကြိုတင်သတင်းရယူပြီးမှ ကွင်းဆင်းဆောင်ရွက်ရပါသည်။ လွိုင်းဘွဲမြို့နယ်တွင် ကျေးရွာ အုပ်စုပေါင်း (၇၄) အုပ်စု၊ ကျေးရွာပေါင်း(၄၆၀) ရှိသည့်အနက် Covid 19 ကြောင့် အဝင်/အထွက် ပိတ်သောကျေးရွာအုပ်စုပေါင်း (၅၄) အုပ်စု၊ ကျေးရွာပေါင်း (၃၀၆) ရှွာ ဖြစ်ပါသည်။ ထို့ကြောင့်

လက်ရှိအခြေအနေတွင် လုပ်ငန်းခွဲဆက်လက်ဆောင်ရွက်နေဆဲ (၂၃) ခုအတွက် ကျေးရွာ အုပ်စု အုပ်ချုပ် ရေးမှူးများ၊ ကျေးရွာကော်မတီစီထောက်ဥက္ကဌတို့နှင့် ကြိုတင်ကာ တယ်လီဖုန်း ချိတ်ဆက်ပြီးမှ ကွင်းဆင်းဆောင်ရွက်လျှက်ရှိသည်။ ထိုသို့ ကွင်းဆင်းဆောင်ရွက်စဉ် ဝန်ထမ်းမှ maskတပ်ဆင်ခြင်း၊ Social distancingကို လိုက်နာခြင်း၊ လူ(၅)ဦးထက်မပိုရန် သတိပြု ဆောင်ရွက်ခြင်းများကို မပြစ်မနေဆောင်ရွက် ကြသည်။ မတ်လ ၂၅ ရက်နေ့မှ စ၍ လှိုင်းဘွဲမြို့နယ်တွင် Township management team ၏ စည်းဝေးဆုံးဖြတ်ချက်အရ ရုံးသို့ ၅၀% ကျော်ရုံးတက်စေပြီး၊ SP စစ်ဆေးရန် မဖြစ်မနေ လိုအပ်မှသာလျှင် ကွင်းဆင်းခြင်းကို ဆောင်ရွက်စေခဲ့သည်။ ကျန်ဝန်ထမ်းများကို အဆောင် တွင်စာရွက်စာတမ်း၊ စာရင်းဇယားများကို ပြုလုပ်စေပြီး လိုအပ်လျှင်ရုံး တက်စေပါသည်။ ***လက်ရှိ ဧပြီလတွင်လည်း*** ဝန်ထမ်းအားလုံးသည် နေ့စဉ်နံနက်/ ညနေ ရုံးတက်/ဆင်း လက်မှတ် ထိုးခြင်းကိုဆောင်ရွက်စေပြီး၊ ရုံးတက်သူလူဦးရေမှာ ၃၀% ထက် မများစေရန် စီစဉ်ဆောင်ရွက်ထားပါသည်။ ( Cluster အလိုက် ရက်သတ်မှတ်၍ ရုံးတက်စေသည်)။ လုပ်ငန်းဆောင်ရွက်နေဆဲ တာဝန်ကျ CF/TF များမှ SP များကွင်း ဆင်းစစ်ဆေးခြင်းအား ဆက်လက်ဆောင်ရွက်နေကြသည်။

## ကော့ကရိတ်မြို့နယ်

Covid 19 ကပ်ရောဂါ ကာလတွင် ကျေးရွာအများစုတွင် သွား/လာခွင့်များ ကန့်သတ်ထားခြင်းရှိသဖြင့် ဝန်ထမ်းများကွင်းဆင်းပြီး လုပ်ငန်းများ ဆောင်ရွက်ရန်အခက်အခဲ ရှိပါသည်။ လမ်းမကြီးဘေးရှိကျေးရွာများတွင် ကျေးရွာသို့ သွားလာခွင့်ရှိသော်လည်း လူစု/ဝေး ပြုလုပ်ခြင်းနှင့် ညအိပ်ခြင်းများကို ခွင့်မပြုပါ။

အချို့သောကျေးရွာများသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်လက်မှတ် ပါရှိမှသာ သွားလာခွင့်ပြုသည်။အလုံးစုံမပြီးစီးသေးသော စီမံကိန်းလုပ်ငန်းခွဲများတွင် ရပ်ဆိုင်းသော ကျေးရွာများရှိ သကဲ့သို့ ဆက်လက်ဆောင်ရွက်နေသော ကျေးရွာများလည်းရှိပါသည်။ ဆက်လက် ကြီးကြပ် ဆောင်ရွက်ရန်အခက်အခဲရှိသည်။ ဖုန်းဖြစ်သာဆက်သွယ်ပြီး လုပ်ငန်းများကို ကြီးကြပ် နေရပါသည်။

UNION မှ ညွှန်ကြားချက်လက်ခံရရှိသည့်နေမှစ၍ လူထုစစ်ဆေးပွဲများဆောင်ရွက်ခြင်းကို ရပ်ဆိုင်း ခဲ့ပါသည်။ ၂၀၂၀ပြည့်နှစ်၊ မတ်လကုန်တွင် ၁၃၀ ခန့်ပြီးစီမည်ဟု လျာထားသော်လည်း လူထုစစ်ဆေးပွဲ ၆၃ခုသာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ကော့ကရိတ်မြို့နယ်တွင် DRD နှင့် CDD ပေါင်းဝန်ထမ်းအင်အား ၆၀ကျော်ရှိပါသည်။ UNION ညွှန်ကြားချက်အရ ဝန်ထမ်းအင်အား၏ ၅၀%ကိုသာ စုဝေးရန် အကြောင်း ကြားထားသဖြင့် နံနက်ပိုင်းတွင် ဝန်ထမ်း၏ ၅၀% (၃၀ဦးခန့်) ကိုရုံးတက်စေပြီး ကျန် ၅၀%ကို ညနေပိုင်းတွင်ရုံးပြန်တက်ရန်ဆောင်ရွက်ခဲ့ပါသည်။

UNION မှထပ်မံညွှန်ကြားသော ၃၀%သာ ရုံးတက်ရန်အကြောင်းကြားလာသဖြင့် Cluster အလိုက် ဝန်ထမ်းများရုံးတက်ရန်စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ကော့ကရိတ်မြို့နယ်တွင် Cluster ၄ခုခွဲထားပါ သည်။ Cluster ၁ခုချင်းစီသည် ၁ရက်ချင်းစီရုံးတက်ရပါသည်။ Cluster တစ်ခုတွင် ဝန်ထမ်း (၁၅-၂၀) ဦးရှိပါသည်။ ရုံးမတက်ရသော အခြား **Cluster** မှ ဝန်ထမ်းများကို **CDD Kawkareik Facebook Messenger Group** တွင် သတ်မှတ်ထားသော အချိန်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်းကို အလုပ်ဆွေးနွေးခြင်းများ ဆောင်ရွက်နေပါသည်။

**မတူပီမြို့နယ်**

ပလက်ဝမြို့နယ်မှစစ်ဘေးရှောင်ဒုက္ခသည်ဟု ယူဆရသောသူများ မတူပီမြို့နယ်အတွင်းသို့ ဝင်ထွက်မှုများရှိသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော 19-Covid ကိစ္စနှင့် မိုးဦးကာလ တောင်ပြိုလမ်းပိတ်မှုများ ကြုံတွေ့ရသည်။

**တွန်းဇံမြို့နယ်**

တွန်းဇံမြို့နယ် တချို့ကျေးရွာများသည် အိန္ဒိယနိုင်ငံနယ်စပ်နှင့် နီးစပ်သည့်အတွက် အသွားအလာ ကန့်သတ်မှုများ ရှိခြင်း၊ COVID 19 ကာလအတွင်း ရွှေ့ပြောင်း လုပ်သား များသည် ၎င်းတို့၏ ကျေးရွာများသို့ ပြန်လာသူများ ရှိ၍ ယင်းကျေးရွာသို့ သွားရောက် သည့်အခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်များနှင့်အတူ သွားရောက်ရခြင်းကြောင့် လိုအပ်သည့် နှာခေါင်းစည်း၊ Hand Gel များ အမြဲ ဆောင်ထားရန် ခက်ခဲပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

စစ်ပွဲများသည် ပုဏ္ဏားကျွန်းမြို့တွင်းအထိဖြစ်ပွားလာမှုရှိကာ လုံခြုံရေးအခြေအနေ စိုးရိမ်စရာဖြစ်နေပါသည်။ ပထမနှစ်မှ လုပ်ငန်းများခွဲများဆောင်ရွက်နိုင်ခဲ့သော ရသေ့တောင်- ပုဏ္ဏားကျွန်းလမ်းပေါ်မှကျေးရွာအုပ်စု(၁၁)အုပ်စုရှိ (၁၇) ရွာအား သွားလာမှုကန့် သတ်ထား သောကြောင့် အဆိုပါကျေးရွာများတွင် ဒုတိယနှစ်စက်ဝန်း၏ စီမံကိန်းလုပ်ငန်းများ အကောင်အထည် မဖော်ဆောင်နိုင်ခြင်းနှင့်ပထမနှစ်စက်ဝန်းမှ စီမံကိန်းအကောင် အထည်မဖော်နိုင်သော ကျေးရွာအုပ်စု (၁၉)အုပ်စုရှိ ကျေးရွာ (၄၃)ရွာမှာလည်း ဆက်လက်ကျန်ရှိနေသောကြောင့် စုစုပေါင်း အကောင်အထည်မဖော်ဆောင်နိုင်သည့် ကျေးရွာအုပ်စု(၃၀)၊ ကျေးရွာ(၆၀) ကျန်ရှိနေပါသည်။

**ပလက်ဝမြို့နယ်**

၂၀.၆.၂၀၁၉နေ့မှစ၍ အင်တာနက်လိုင်များ ပိတ်ထားခြင်းကြောင့် စာရွက်စာတမ်းများ ပေးပို့ရန်ခက်ခဲခြင်း၊ နယ်မြေလုံခြုံရေးအရ ပလက်ဝမြို့နယ်မှ ရေလမ်း၊ ကုန်းလမ်းပုံမှန် သွားလာသော လမ်းများအား ပိတ်ထားခြင်းကြောင့် ကွင်းဆင်းဆောင်ရွက်နိုင်မှုမရှိခြင်း ပွိဝုန်းကျေးရွာ လူနားနေဆောင်နှင့် ရေတံခွန်ကျေးရွာ မြေသားလမ်းတို့မှာ လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းတင်ပြအပ်ပါသည်။ လက်ရှိဆောင်ရွက်လျှက်ရှိသော ကျေးရွာအုပ်စု(၄၈)အုပ်စုရှိ ကျေးရွာပေါင်း(၁၄၄) ရွာ၌ ကျေးရွာတွင်းနှင့် ပတ်ဝန်းကျင်တွင် ပုံမှန်လုပ်ငန်းဆောင်ရွက်နိုင် သော်လည်းလုံခြုံရေးအရ ပလက်ဝမြို့သို့ သွားလာမရရှိခြင်းကြောင့် ငွေထုတ်ခြင်း၊ ပစ္စည်း သယ်ယူပို့ဆောင်ခြင်းများ မပြုလုပ်နိုင်သဖြင့် အချိန်ကြံကြာရခြင်း၊မပြီးစီးနိုင်ခြင်း။

**မောက်မယ်မြို့နယ်**

မောက်မယ်မြို့နယ် တွင်ကျေးရွာသို့သွားမည်အစီအစဉ်နှင့်ဝန်ထမ်းစာရင်းများအား ကြိုတင်ကြောင်းကြားစာပို့ပြီးဆောင်ရွက်မှုများပြုလုပ်နေပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်မြေလုံခြုံရေး အနေဖြင့် ယခုလပိုင်းတွင် မြို့နယ်အစွန်ဘက် ကျသော ကျေးရွာများတွင် အနည်းငယ် လုံခြုံရေး အခက်အခဲ ရှိသည်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့နယ် ဝန်ထမ်းများကွင်းဆင်းဆောင်ရွက်ရန် ဝန်ထမ်းကဒ်များလိုအပ်ပါသည်။ ပြည်ထောင်စုအဆင့်သို့တင်ပြထားပြီလည်းဖြစ်သည်။

**၁၅။ အထောက်အပံ့လိုအပ်ချက်များ**

**၂၅။ (က) နည်းပညာ**

**ပေပုတောမြို့နယ်**

မြို့နယ် စီမံကိန်းလုပ်ငန်းခွဲများ အတွက် တိုင်းအင်/ယာများမှ နည်းပညာစစ်ဆေး ပံ့ပိုးမှုများ ရှိနေ၍လည်း ပေပုတောမြို့နယ်အတွက် အထောက်အပံ့ ဖြစ်စေပါသည်။

**ဓနုဖြူမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများကို ဆောင်ရွက်ရန်နှင့် မဆောင်ရွက်မီ အချိန်တွင် အခြား မြို့နယ်များမှ လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် မှ Regional Infra (သို့) Township Infra Counterpart များမှ လက်ထောက် နည်းပညာမှူးများကို မျှဝေပေးစေ လိုခြင်း၊ လျှပ်စစ် နှင့် ပတ်သက်သော နည်းပညာများအတွက် လက်ထောက် နည်းပညာမှူးများ လိုအပ် လျှက်ရှိနေပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

MIS စနစ်အား စီမံကိန်းလုပ်ငန်းမစတင်မီတွင် အချိန်မှီရရှိအောင် ပြုလုပ်ပေး စေလိုပါသည်။ လက်စွဲစာအုပ်ပြောင်းလဲမှုအခြေအနေအရ ပြည်ထောင်စုအဆင့် အနေဖြင့် ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ ကျားမရေးရာ၊ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းစနစ်၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ် သုံးသပ်ရေးဆိုင်ရာ မွန်းမံသင်တန်းများ လုပ်ငန်းမစတင်မီ ပြန်လည်ပြုလုပ်ပေး စေလိုပါသည်။ လက်ထောက်နည်းပညာမှူးများအတွက် အင်ဂျင်နီယာနည်းပညာဆိုင်ရာ သင်တန်းများကို များများ ဆောင်ရွက်ပေးသင့်ပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် နည်းပညာ အထောက်အပံ့လိုအပ်ချက်များတွင် တတိယ နှစ်စီမံကိန်းအတွက် ဝယ်ယူရေးမွမ်းမံသင်တန်းများ လိုအပ်ပါသည်။

**ထီးလင်းမြို့နယ်**

Union Infra Team မှလာရောက်စစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှု ပြုလုပ်စေလိုပါသည်။ Union M&E များ အနေဖြင့် အခါအားလျော်စွာ ကွင်းဆင်းလေ့လာပြီး လိုအပ်သည်များကိုဆွေးနွေးခြင်း၊ အကြံပြုခြင်းများဆောင်ရွက်စေလိုပါသည်။ Union Finance နှင့် Procurement များမှလည်း စီမံကိန်းမြို့နယ်များသို့ ကွင်းဆင်းလေ့ လာပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးခြင်း၊ လမ်းညွှန်ပေးခြင်းများ ပြုလုပ် စေလိုပါသည်။ ဝန်ထမ်းစွမ်းဆောင် ရည်မြှင့်တင်ရေး သင်တန်းပေးခြင်းများ ကို ပိုမိုဆောင်ရွက်စေလို ပါသည်။

**ဆောမြို့နယ်**

လက်ထောက်နည်းပညာမှူးများအတွက် Auto CAD 2D/3D ရေးဆွဲခြင်းသင်တန်းများ လိုအပ်နေသည့်အပြင် (ရေပေးရေး၊ Steel structure ၊ မီးလင်းရေး) လုပ်ငန်းများ Estimate တွက်ချက်ခြင်း သင်တန်းများ ပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် အချို့သော လုပ်ငန်းများမှာ အချိန်မီပြီးစီးရန်ကြန့်ကြာမှုများ ရှိနေသည့်အတွက် တိုင်းဒေသကြီးအင်ဂျင်နီယာမှ အနီးကပ်ပံ့ပိုးမှုများ လိုအပ်လျှက်ရှိပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ် TF များအတွက် O&M Training မရရှိသေးသဖြင့် O&M Training လိုအပ်ပါသည်။

**ပျဉ်းမနားမြို့နယ်**

CFs/TFs များအတွက် Phase Out သင်တန်းများပေးရန်လိုအပ်ပါသည်။

**ပူတာအိုမြို့နယ်**

ပူတာအိုမြို့နယ်အနေဖြင့် လက်ထောက်နည်းပညာမှူးများအတွက် AutoCAD သင်တန်းလိုအပ်လျက်ရှိပါသည်။

**ရွှေကူမြို့နယ်**

ပြည်နယ်ရုံးမှ TFများအား ရုံးပိုင်းနည်းပညာပိုင်းဆိုင်ရာများ ပံ့ပိုးပေးလျှက်ရှိသော်လည်း အမှန်တကယ် စီမံကိန်းလုပ်ငန်းခွဲဆောင် ရွက်သောအချိန်များတွင်လည်းပိုမိုပံ့ပိုးပေးစေချင်ပါသည်။

**မတူပီမြို့နယ်**

အသေးစားရေအား လျှပ်စစ်စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဒီဇိုင်း၊ တွက်ချက်မှုများ တွက်ချက်ရေးနှင့် လုပ်ငန်း ကြီးကြပ်ရေးလုပ်ငန်းစဉ်အတွက် ကျွမ်းကျင်ဝန်ထမ်းများနှင့် ကျွမ်းကျင်လုပ်သား များမရှိသဖြင့် အခက်အခဲများ တွေ့ရသည်။

**တွန်းဇံမြို့နယ်**

လက်ထောက်နည်းပညာမှူးများ အတွက် Auto card training, Water, Electricity, စသည့်များနှင့်ပတ်သတ်သည့် လက်တွေ့သင်တန်းများ၊ Engineering equipment tools အသုံးပြုမှုများကို သင်တန်းများ ဆောင်ရွက်ပေးပါရန်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်တွင် စီမံကိန်း ဝန်ထမ်းများသည် ကျေးရွာများသို့ ပုံမှန်ကွင်းဆင်း ဆောင်ရွက်နေကြသဖြင့် လမ်းခရီးတွင် မတော်တဆမှုများ ကြုံတွေ့ပါက မိမိကိုယ်တိုင်နှင့် တခြားလူများအား အရေးပေါ်ကိစ္စများ ကူညီနိုင်ရန် ရှေးဦးသူနာပြုစုနည်းသင်တန်း ချပေးနိုင်ရန် လိုအပ်ကြောင်းများ ပို့ (First Aid Training /ကြက်ခြေနီသင်တန်း)တင်ပြအပ်ပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်၌ တတိယနှစ်စက်ဝန်းတွင်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ သစ်တောကြိုးဝိုင်းအတွင်းကျရောက်နေသည့် ကျေးရွာ(၅) ရွာအတွက် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက် ရယူအကောင်အထည်ဖော်ဆောင်ရွက်ရန် အကြောင်း ပြန်လာ သည့်အပေါ် ပြည်နယ် အဆင့် တာဝန်ရှိသူမှညှိနိုင်းပေးနိုင်ပါရန်။

**မိုင်းခတ်မြို့ယ်**

မိုင်းခတ်မြို့တွင်လည်း အရေးပေါ်ကိစ္စများ ကူညီနိုင်ရန် ရှေးဦးသူနာပြုစုနည်းသင်တန်း (ကြက်ခြေနီသင်တန်း/ First Aid Training) များ ပို့ချပေးနိုင်ရန် လိုအပ်ကြောင်း တင်ပြ အပ်ပါသည်။

**(ခ) စီမံကိန်း အသုံးအဆောင်ပစ္စည်း**

**ငပုတောမြို့နယ်**

ငပုတောမြို့နယ်၊ တပြိုင်တည်း Revised Estimate နှင့် VDP ကျနေ၍ Printer တလုံးတည်းဖြင့်မလုံလောက်ပါ။

**ခနော်ဖြူမြို့နယ်**

Copier (၁)လုံးသာ ရှိသည့်အတွက် စက်ပျက်ပါက အပြင်မှာ ကူးရသည့်အတွက် ကုန်ကျစရိတ်များခြင်း၊ လုပ်ငန်းနှောင့်နှေးခြင်းများ ရှိသောကြောင့် နောက်တစ်လုံး ရရှိပါက လုပ်ငန်းပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

စီမံကိန်းပစ္စည်းများပျက်သဖြင့် တင်ပြရာတွင် အမြန်ဆုံးဖြေရှင်းနိုင်ရန်အတွက် ညွှန်ကြားမှုများ မြန်မြန်ပေးစေလိုပါသည်။ သို့မှသာလျှင် လုပ်ငန်းနှောင့်နှေးမှုမရှိမှာ ဖြစ်ပါသည်။ (တက်ဘလက်များ၊ ဆိုင်ကယ်များ) စီမံကိန်းစက်ဝန်းအလိုက် ဖိုင်တွဲများထားရှိရန်အတွက် ဘီဒိုများ (သို့) ဖိုင်တွဲများ စနစ်တကျ ထားရှိနိုင်အောင် နေရာများဆောင်ရွက်ပေးသင့်ပါသည်။

**ကျွန်းလှမြို့နယ်**

မြို့နယ်ဦးစီးမှူး၏Tablet(၁)လုံး နှင့်TF တစ်ဦး၏ Tablet (၁)လုံးစုစုပေါင်း Tablet(၂) လုံး ပြင်ရန် Union DRD –Procurement Unit သို့ပို့ထားခြင်းအား အမြန်ဆုံးပြင်ပေးပါရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

**ကနီမြို့နယ်**

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်းသည် စီမံကိန်းကျေးရွာအချို့တွင် ဗီနိုင်းပိုစတာများ လေမိုးဒါဏ်ကြောင့်ကျေးရွာ(၁၀၀)ခန့်ပျက်စီးခဲ့ပါသည်။ လိုအပ်သောအရေအတွက်ကိုလည်း ပြည်ထောင်စုအဆင့်သို့ တင်ပြထားပြီးဖြစ်ပါသည်။ စီမံကိန်းအသိပညာများပိုမိုဖြန့်ဖြူးနိုင်ရန်အတွက် စီမံကိန်းနှင့်ဆိုင်သော ပန်းဖလက်များ ထပ်မံပံ့ပိုးပေးစေလိုပါသည်။ ကော်မတီဝင် အသစ်များအတွက် စီမံကိန်းအင်္ကျီ၊ဦးထုပ်များ ထပ်မံပံ့ပိုးပေးစေလိုပါသည်။

**ပဲခူးတိုင်းဒေသကြီး**

မြို့နယ်များအား မိုးတွင်းကာလဖြစ်သည့်အတွက် ကျေးရွာများသို့ကွင်းဆင်း ဆောင်ရွက်ရာတွင် စီမံကိန်းဝန်ထမ်းများအတွင် မိုးကာအကျီများအသုံးပြုနိုင်ရန် လိုအပ်လျက်ရှိပါသည်။

**ပျဉ်းမနားမြို့နယ်**

လက်ရှိ Infra File များထားရှိရန်အတွက်ဗီဒိုများလိုအပ်ပါသည်။ စီမံကိန်းသုံး မော်တော်ယာဉ်မှာ ပျက်စီးယိုယွင်းသွားပါသဖြင့် တောင်ပေါ်ဒေသများနှင့် ဝေးလံသောကျေးရွာများရှိ လုပ်ငန်းများအပေါ် ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် မော်တော်ယဉ် အစားထိုး ပံ့ပိုးပေးရန် တင်ပြလိုပါသည်။

## ရွှေကူမြို့နယ်

Computer, Color Printer နှင့် မိတ္တူကူးစက်များ စစ်ဆေးပြုပြင်ရန်အခက်အခဲရှိပါသဖြင့် ပြုပြင်ရန် ရုံးချုပ်မှ ပညာရှင်စေလွှတ်ပေးစေလိုပါသည်။

## ပူတာအိုမြို့နယ်

ပူတာအိုမြို့နယ်အနေဖြင့် ဆိုက်ကယ်အပိုပစ္စည်းများနှင့် First Aid Kit များ လိုအပ်လျက်ရှိသည်။ ဆိုင်ကယ် အပိုပစ္စည်းများ လဲလှယ်ရန်အတွက် လိုအပ်သော ပစ္စည်း စာရင်းကို ပြည်နယ်သို့ တင်ပြ အစီရင်ခံ ထားပါသည်။ Procurement Officer အသုံးပြုနေသော ASUS Laptop တစ်လုံး Hard Disk ပျက်ခြင်း ဖြစ်စဉ်ကို ပြည်နယ်သို့ တင်ပြအစီရင်ခံထား ပါသည်။Team Leader ၊ Finance Officer ၊ M&E, MIS Officer (TTA) တို့ အသုံးပြု လျက်ရှိသော Desktop Computer များရှိ UPS (၃) လုံးမှာ လျှပ်စစ်မီးပျက်ချိန်တွင် ပါဝါသို လျောင်နိုင် စွမ်းအားမှာ (၃)မိနစ်ခန့်သာ သိုလှောင်နိုင်ပါသည်။ ဖြစ်စဉ်ကို ပြည်နယ်သို့ တင်ပြ အစီရင်ခံထားပါသည်။

## ဖားဆောင်း+ဘောလခဲ+မယ်စဲ့မြို့နယ်

မော်တော်ဆိုင်ကယ်အကြီး (HONDA–DT–125) တစ်စီးအား ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျှက်ရှိပါသည်။ လက်ရှိရုံးတွင်ရှိသော Copier စက်များပြင်ဆင်ရန် လိုအပ်လျှက်ရှိပါသည်။

## ကြာအင်းဆိပ်ကြီးမြို့နယ်

Cfs,Tfs များအတွက် Mask, Hand Gel များလုံလောက်စွာဖြည့်ဆည်းပေးရန်လိုအပ်ပါသည်။

## လှိုင်းဘွဲ့မြို့နယ်

Mask နှာခေါင်းစည်း ၈၀၀ ခု အား ရုံးချုပ်မှ ပံ့ပိုးပေးပါသည်။ လှိုင်းဘွဲမြို့နယ်အနေဖြင့် ဝန်ထမ်း ၁၀၂ ဦးရှိသောကြောင့် နှာခေါင်းစည်းဖြန့်ဝေရာတွင် တစ်ဦးလျှင် (၇)ခုခန့်သာ ပံ့ပိုးနိုင်ပါသဖြင့်၊ သို့ဖြစ်ပါ၍ ရောဂါကာကွယ်ရေးတွင်ပိုမိုထိရောက်စေရန် နှာခေါင်းစည်း များ၊ လက်ဆေးဂျယ်များ ဆက်လက်ပံ့ ပိုးပေးစေလိုပါသည်။

## ကော့ကရိတ်မြို့နယ်

မော်တော်ဆိုင်ကယ်အတွက် အရံပစ္စည်းများလိုအပ်ပါသည်။

## မတူပီမြို့နယ်

ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများ။ ကာလအတွင်း ကုန်စည်သယ်ယူ 19–Covid ပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းများ ရပ်နားထားရခြင်း၊ ဈေးဆိုင်များအကန့်အသတ်ဖြင့်သာ ဖွင့်လှစ်ရောင်းချခြင်းတို့ကြောင့် လုပ်ငန်းခွဲအတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူ၍ မရခြင်းနှင့် ပစ္စည်းဖိုးငွေချေပြီးသော်လည်း ပစ္စည်းသယ်ယူမရခြင်းစသည့်အခက်အခဲများ ကြုံတွေ့ရပါသည်။ လမ်းလုပ်ငန်းခွဲများအတွက် စက်ကြီးများ ငှားရမ်းမရခြင်း၊ ကြောင့် စက်မောင်းများနှင့် အချို့ 19–Covid

ကန်ထရိုက်တာများ ၎င်းတို့အရပ်ဒေသသို့ ထွက်ခွာသွားခြင်း၊ လူစုလူဝေးဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်အား ကန့်သတ်ထားခြင်းကြောင့် ကျေးရွာများတွင် လုပ်ငန်းများ ရပ်နားထားခြင်း၊ ကျေးရွာများသို့ ဧည့်သည်များ ဖြတ်သန်းသွားလာခွင့်သာ ခွင့်ပြုထားပြီး ရပ်နားခွင့်၊ ညအိပ်တည်းခိုခွင့်အား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာ လူငယ်အဖွဲ့အစည်းများမှ တားမြစ် ထားခြင်းကြောင့်လည်း လုပ်ငန်းများ အကောင် အထည်ဖော်မှု ရပ်နားထားရပါသည်။ စီမံကိန်းလုပ်ငန်းအောင်မြင်နိုင်ချေ ရှိခွင့်ပြု TPIC မရှိထက် မိမိတို့ဆန္ဒအတိုင်း လုပ်ငန်းများ လုပ်ဆောင်လိုပြီး/ လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ငြင်းဆန်နေကြခြင်းကြောင့် လုပ်ငန်း ဆက်လက်ဆောင်ရွက်ရန် အခက်အခဲဖြစ်စေပါသည်။

လုပ်ငန်းသုံးယာဉ်၊ စက်များ ဝန်ထမ်းများအသုံးပြုသော TVS, DT ဆိုင်ကယ် အပိုပစ္စည်းများ လိုအပ်သလို အချိန်မီ မရရှိနိုင်ခြင်း၊ ကျွမ်းကျင်စက်ပြင်များ မရှိခြင်း ကြောင့် လုပ်ငန်းသုံးယာဉ်၊ စက်ပစ္စည်းများ ပျက်စီးမှုကို အချိန်မီ ပြုပြင်နိုင်ခြင်း မရှိသဖြင့် ကျေးရွာများသို့ ကွင်းဆင်းရန် အခက်အခဲများ ဖြစ်ပေါ်လာပြီး အချို့လုပ်ငန်းစဉ်များ နောက်ကျရခြင်း၊ ကျေးရွာတွင်လုပ်ငန်းဆောင်ရွက်နေစဉ်စက်ကြီးများပျက်စီးသွားပြီး ပြန်လည်ပြုပြင်ရန် အပိုပစ္စည်း မရှိခြင်းနှင့် ၎င်းအတွက် အစားထိုးနိုင်ခြင်းစသည့် အခက် အခဲများ ကြုံတွေ့ရပါသည်။ ဝန်ထမ်းများသို့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်

ပံ့ပိုးထားသော အချက်အလက်များ MIS များ မကြာခဏပျက်စီးခြင်း၊ ရေသွင်းပြီး Table ပျောက်ဆုံးသွားခြင်း၊ လုပ်ငန်းမှတ်တမ်းဓါတ်ပုံများ ပျောက်ဆုံးသွားခြင်းစသည့် Errorများ မကြာခဏကြုံတွေ့ရပါသည်။

**မတူပီမြို့နယ်**

ဝန်ထမ်းများအတွက် မိုးကာအင်္ကျီများထောက်ပံ့ပေးစေလိုပါသည်။

**တွန်းဇံမြို့နယ်**

ဆိုင်ကယ် အရံထားရှိပေးရန် (125)ကျေးရွာများအတွက် ထပ်မံလိုအပ်သည့် ဗွီနိုင်းများ ပံ့ပိုးပေးပါရန်။COVID 19 ရောဂါထိန်းချုပ် ကာကွယ်တားဆီးရေး အတွက် အကာအကွယ်ပစ္စည်းများ ဖြစ်သည့် ဆပ်ပြာ၊ နှာခေါင်းစည်း၊Hand Gel ၊ အပူချိန်တိုင်း ကိရိယာများကို ဝန်ထမ်းများ အတွက် ပံ့ပိုးပေးပါရန်။ကျေးရွာစီမံခန့်ခွဲမှု ကော်မတီများအတွက် စီမံကိန်းတံဆိပ်ပါ အင်္ကျီ၊ ဦးထုတ်များ ပံ့ပိုးပေးပါရန်။

**ပေါင်မြို့နယ်**

ပေါင်မြို့နယ်တွင်ပျက်စီးနေသော Tablet (၉)လုံးအားအစားထိုး Tabletများ ပြန်လည်ထောက်ပံ့စေလိုပါသည်။ စီမံကိန်းစက်ဝန်းအလိုက် စာရွက်စာတမ်းများထည့်ရန် ဘီဒို လိုအပ်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

မြို့နယ်အတွင်း ပစ္စည်းဝယ်ယူရာတွင် အခက်အခဲမရှိသော်လည်း မိုးရာသီဖြစ်၍ ပစ္စည်းများ သယ်ယူရာတွင် အခက်အခဲရှိပြီးသယ်ယူစရိတ်ပိုမိုကုန်ကျပါသည်။

**ဆီဆိုင်မြို့နယ်**

ဆီဆိုင်မြို့နယ်တွင် စီမံကိန်း လုပ်ငန်းသုံး Nikon ကင်မရာတစ်လုံးမှာ Focus မပြတ် သားသဖြင့် ပြုပြင်နိုင်ရန် ရုံးချုပ်သို့ (၁၂.၁၂.၂၀၁၈) ရက်နေ့တွင် တင်ပြထားပါသည်။ ယခုအထိ ပြန်လည် ရရှိပြီဖြစ်သော်လည်း ရုံချုပ်သို့ သွားရောက် ထုတ်ယူရန် လိုအပ်နေပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျေးလက်ဦးစီး ဌာန မှ စီမံကိန်းတာဝန်ခံ၊ကျာမရေးရာတာဝန်ခံနှင့် ဘဏ္ဍာရေး တာဝန်ခံသုံးဦးတို့မှ ယခု လ (ဇွန်လ) အတွင်း ရာထူးတာဝန် နှင့် မြို့နယ်များ ပြောင်းရွှေ့ရသောကြောင့် လက်ရှိတွင် ဝန်ထမ်း သုံးဦးထိ လစ်လပ်နေပါသည်။

**မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့နယ် စီမံကိန်းလုပ်ငန်းခွဲ ဒီဇိုင်းနှင့် တွက်ချက်မှုများအား Print အချိန်မီ ထုတ်နိုင်ရန် ဒေသတွင်းအသုံးများသော Cartridge အလွယ်တကူ ဝယ်ယူဖြည့်တင်း နိုင်သော Printer (၁) လုံး ပံ့ပိုးပေးနိုင်ပါက ပိုမိုအဆင်ပြေနိုင် ပါကြောင်း တင်ပြအပ်ပါသည်။

**(ဂ) ဝန်ထမ်းအခြေအနေ**

**ငပုတောမြို့နယ်**

Activity တစ်ခုစမည်ဆိုလျှင်လည်း ကြိုတင် ဆောင်ရွက်ပါမှသာ အဆင်ပြေနိုင်ပါမည်။ ယခု ချက်ခြင်း ဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် ကျေးရွာများသို့ ရောက်ရှိနေသူများမှာ ပူးပေါင်း ပါဝင်ရန် များစွာအခက်အခဲရှိပါသည်။

**ဓနုဖြူမြို့နယ်၊**

TTA Procurement Officer(1)ဦး နုတ်ထွက်စာတင်ထားပြီး အမြန်ဆုံး ခန့်ထားနိုင်ရေး ရန်ကုန်ရုံး(Mercycprps)မှ စီစဉ်ဆောင်ရွက်နေပါသည်၊ DRD counterpart (1)ဦး မြို့နယ်ကျော် ပြောင်းရွှေ့ရသဖြင့် အမြန်ဆုံးအစားထိုး ဆောင်ရွက်ပေး နိုင်ရန် တင်ပြအပ်ပါသည်။

**ကွမ်းခြံကုန်းမြို့နယ်**

ဝန်ထမ်းများထွက်သွားပါက အမြန်ဆုံးပြန်လည်ဖြည့်တင်းပေးစေလိုပါသည်။ ဝန်ထမ်းအသစ် များအတွက် မိုးကာ၊ ကျောပိုးအိတ်စသည်တို့အား ထောက်ပံ့ပေးစေလိုပါသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် Procurement(JTA), CSAG (JTA) နှစ်ဦးအတွက် စာချုပ်သက်တမ်းတိုးမြှင့်ရန် လိုအပ်လျက်ရှိပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်တွင် Township Infra တစ်ဦး ပံ့ပိုးပေးရန်လိုအပ်ပါသည်။ Senior CF (၁)ဦးအစားထိုးခေါ်ယူခွင့်ပြုရန် လိုအပ်ပါသည်။

**မိုးကောင်းမြို့နယ်**

မိုးကောင်းမြို့နယ်အနေဖြင့် သင်္ကြန်ကာလအတွင်း မိမိနေရပ်ပြန်ပြီး အလုပ် ရှိရာ မိုးကောင်းမြို့ ပြန်လာကြသူများ ဖြစ်သော CSAG TTA ၁ ယောက်၊ M&E,MIS TTA ၁ ယောက် ၊ Finance TTA ၁ ယောက် ၊ Procurement TTA ၁ ယောက် စုစု ပေါင်း (၄ ) ယောက် ၊ Facility Base Quarantine (၂၁ )ရက် ဝင်ပြီး နောက် (၁၈ မေ ၂၀၂၀)ရက်နေ့ တွင် မိုးကောင်းမြို့ လူထုဗဟိုပြုရုံးတွင် ရုံးအလုပ်များ ပုံမှန်ဆောင်ရွက်နေပါသည်။ CSAG TTA ၁ ယောက် (၁၉ ရက်နေ့ ဇွန်လ ၂၀၂၀)ရက်တွင် နှုတ်ထွက် ခဲ့ပြီး အစားထိုး CSAG TTA အား (၂၂ ရက်နေ့ ဇွန် လ၂၀၂၀ )ရက်နေ့ တွင် ခန့်ထားပြီးဖြစ်ပါသည်။

**ရွှေကူမြို့နယ်**

လက်ထောက်နည်းပညာမှူးတစ်ဦးလျင် စီမံကိန်းလုပ်ငန်းခွဲ(၂၀)ကျော် ဆောင်ရွက် နေရခြင်းကြောင့် **Estimate** တွက်ခြင်း၊ **Infra file** ပြုလုပ်ခြင်း၊ **RE** ပြန်လည်တွက်ချက်ခြင်းလုပ်ငန်းများတွင် နှောင့်နှေး ကြန့်ကြာခဲ့ရပါသည်။ သို့ဖြစ်ပါ၍ စီနီယာလက်ထောက် နည်းပညာမှူး(တစ်ဦး) အမြန်ဆုံးခန့်ထားပေးနိုင်ပါက လုပ်ငန်းများ အချိန်မှီပြီးစီးနိုင်မည်ဖြစ်ပါသည်။

**လွိုင်းဘွဲ့မြို့နယ်**

အခက်အခဲမရှိပါ။ **( CF –1 post/ TF–1 post** အတွက် ဝန်ထမ်းသစ်ခန့်ထားရန် တင်ပြရာတွင် **Covid 19** ကာလကြောင့် **Union** မှ ဆိုင်းငံ့ထားသည်**)**

**မတူပီမြို့နယ်**

နှုတ်ထွက်/အစားထိုးခန့်ထားခြင်း အစီရင်ကာလ (ယခုသုံးလပတ်)အတွင်း ဝန်ထမ်း များ နှုတ်ထွက်/ခန့်ထားခြင်းနှင့် ပတ်သတ်၍ လက်ထောက်နည်းပညာမှူး (၁) ဦး နှင့် လူထု စည်းရုံးရေးမှူး ဦးလစ်လပ်လျှက်ရှိပါသည်။ (၂) စည်းကမ်းလိုက်နာမှုမရှိသော ဝန်ထမ်းများ အရေးယူမှု လျော့ပေါ့ ပေးခြင်းကြောင့် ဝန်ထမ်း အချင်းချင်းကြားနှင့် အထက်အရာရှိ အကြား ရှိသေလေးစားမှု လျော့နည်းလာပြီး လုပ်ငန်းဆောင်ရွက်မှုကိုလည်း များစွာထိခိုက်စေသောကြောင့် ဝန်ထမ်းတစ်ဦး အား အလုပ်မှ နှုတ်ထွက်စေခြင်း နှင့် အခြားဝန်ထမ်း ဦးအား ခေါ်(၃)ယူသတိပေးခြင်း ဆောင်ရွက်ခဲ့ပါသည်။

**တွန်းဇံမြို့နယ်**

TDRD (Counterpart) ဝန်ထမ်းများဖြစ်သည့် )M&E,) တို့သည် တွန်းဇံမြို့ပေါ်တွင် အိမ်ငှားနေရသည့်အတွက် ငွေကြေးကုန်ကျမှု များခြင်းကြောင့် စားဝတ်နေရေး အဆင်မပြေမှုများရှိပါသည်။**Cash For Work** အတွက် မြို့နယ်နည်းပညာအကြံပေးအဖွဲ့မှ စည်းရုံးရေးမှူးခေါင်းဆောင် )**Lead Facilitator – TF)** နှင့် လက်ထောက်နည်းပညာမှူးတစ်ဦးအား တီးတိန်မြို့နယ်နှင့် တွန်းဇံအတွက် ယာယီ ကူညီဆောင်ရွက်ပေးရန် တာဝန်ပေးထား သောကြောင့် မြို့နယ်၏ တချို့သောလုပ်ငန်းများတွင် လစ်ဟာနိုင်ပါသည်။

**TDRD** တွဲဘက်ဝန်ထမ်းများဖြစ်သည့် **Finance Officer** သည် ရာထူးတိုးပြီး မတူပီ ခရိုင်သို့ ပြောင်းရွှေ့ခြင်း ၊ **TDRD Infra (counterpart)** လည်း ဖလမ်းခရိုင်သို့ ပြောင်းရွှေ့မည်ဖြစ်သည့်အတွက် တွန်းဇံမြို့နယ် လူထုဗဟိုပြုစီမံကိန်းအတွက် တွဲဖက် ဝန်ထမ်းများအား ပြန်လည်အစားထိုးမည်ဆိုပါက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမို အဆင်ပြေမည် ဖြစ်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

ဝန်ထမ်းများတစ်ဦးချင်းအလိုက် ခရီးသွား လာရေးအတွက် လစဉ်ခရီးသွားမည့် အစီအစဉ်များကို ပြည်နယ်နှင့်ချိတ်ဆက် လုပ်ဆောင် ထားရှိပါသည်။ ဝန်ထမ်းများခရီးသွားလာရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ချိတ်ဆက်ပြီး ဒေသအခြေအနေ ကို စုံစမ်းမေးမြန်းကာ ခရီးထွက်နိုင်ခြေရှိလျှင် ခရီးသွားလာမှုပြုလုပ်ကြပါသည်။ ဝန်ထမ်းများလုံခြုံရေးအတွက် ရုံးနှင့် ချိတ်ဆက်သွားလာရန်ညွှန်ကြားထားပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ် တွင် ပြည်ထဲရေး အမည်ပေါက် ကျေးရွာ (၄၈) ရွာ အတွက်သာ TFs/CFs တွက်ချက် ချမှတ်ပေးခဲ့ပါသည်။ ပြည်ထဲရေးအမည်မပေါက်ကျေးရွာ ထက်တိုး (၉) ရွာ အတွက် **CFs –၁ ဦး/TFs ၁ ဦး** စုစုပေါင်း(၂) ဦး တိုး မြင့် ခန့်ထား ပေးစေလိုပါသည်။ စီမံကိန်းတွင် လစ်လပ်ကျေးလက်ဝန်ထမ်းများ အား အစားထိုးခန့်ထားပေးပါက စီမံကိန်း နှင့် သက်ဆိုင်သောလုပ်ဆောင်မှုများတွင် ပိုမို အဆင်ပြေ အောင်မြင်ပါမည်။

**၁၆။ ပြည်နယ်/တိုင်း နှင့် မြို့နယ်များ၏ အကြံပြုချက်များ**

**ငပုတော မြို့နယ်**

ငပုတောမြို့နယ်သည် နယ်မြေအနေအထားအရ အလှမ်း**ဝေး**ကွာလွန်း၍ ဝန်ထမ်းများ လုပ်ငန်း ဆောင်ရွက်မှုအရ တစ်လလျှင်တစ်ကြိမ်သာ ရုံးသို့ ပြန်လည်ဝင်ရောက်နိုင်ပါသည်။ လစဉ် ပထမပတ် တွင် ရုံးတက်ပြီး နောက်သုံးပတ် တွင် ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်ခြင်း ပြုလုပ်ရပါသည်။ ၂၀၂၀ ခုနှစ် ရှေ့ပိုင်းတွင် သင်တန်းများရှိ၍ သော် လည်းကောင်း၊ အခြားကဏ္ဍများ အတွက် ပြင်ဆင်ခြင်း အတွက်လည်းကောင်း ပြန်လည် ခေါ်ယူရာတွင် အသွားအပြန် အချိန်များ ကုန်လွန်၍ လုပ်ငန်းများများစွာနှောင့်နှေးနိုင်သည် သိထားကြပါသည်။ အကောင်ထည်ဖော် ဆောင်ရွက် သည့်ကျေးရွာများ၍ ကျန်ရှိသည့် အချိန်တိုအတွင်းလုပ်ငန်းများ ပြီးစီးအောင်အာရုံ

စိုက်၍ ဆောင်ရွက်နေရချိန်လည်း ဖြစ်ပါသည်။ ထို့ပြင် Budget သတ်မှတ်ချက်အတွင်း ဝင်စေရန် လည်း သတိထား ဆောင်ရွက်ရပါသည်။

## ဓနုဖြူမြို့နယ်

ဓနုဖြူမြို့နယ် ဧရာဝတီမြစ် တစ်ဖက်ကမ်း ရှိ ကျေးရွာ အုပ်စု (၁၄၁) စု ၊ ကျေးရွာ(၁၉) ရွာ များတွင် တာဝန်ချထားသော ဝန်ထမ်း ဦး၊(၂၆)TF (၉ဦး( CF(၁၇ဦး ( သည် မိုးတွင်းကာလ သွား လာရာတွင် ဘေးအန္တရာယ် ရှိနိုင်ခြင်း၊ ကုန်ကျစရိတ်ကြီးမားခြင်းတို့ကြောင့် မြစ်တစ်ဖက်ကမ်းတွင် ယာယီ ရုံးခွဲဖွင့်နိုင်ပါက အဆိုပါကိစ္စများ လျော့နည်းသွားနိုင်ပါသည်။

## အင်္ဂပူမြို့နယ်

DRD/TTA များ အတူတကွ အလုပ်လုပ်နိုင်ရန် ရုံးခန်းဖွဲ့စည်းနေရာချ ထားခြင်းကို ပြုလုပ်ပြီးသော်လည်း Cluster leader များက တူညီသော စည်းကမ်းများနှင့် CF/TF ဝန်ထမ်းများကို ကြီးကြပ်ပေးရန်၊ ဖိုင်တင်ရန် စင်များ၊ စားပွဲခုံများ နှင့် အခြား ရုံးပစ္စည်း လိုအပ်ချက်များကို Procurement မှ စာရင်းပြုစုပြီး တရားဝင်စာဖြင့် တင်ပြတောင်းဆိုရန် ဖြစ်သည်။

## ဧရာဝတီတိုင်းဒေသကြီး

အစီရင်ခံကာလအတွင်း တိုင်းဒေသကြီး စီမံကိန်းအကြံပေး၏ ကွင်းဆင်းတွေ့ရှိချက် များ၏ အကြံပြုချက်အရ ပြည်ထောင်စုအဆင့် အနေဖြင့် ၂၀၁၈ ခုနှစ် ရက်စွဲပုံနှိပ်ထားသော စီမံကိန်း အကောင် အထည်ဖော်ရေးလက်စွဲ (OM)ကို ထပ်မံ မွမ်းမံပြင်ဆင်ရန် လိုအပ်ခြင်း၊ ဒုတိယနှစ် စက်ဝန်း လူထုဗဟိုပြုစီမံကိန်း အင်္ဂပူမြို့နယ် နှင့် ဓနုဖြူမြို့နယ် သည် ကျေးရွာ အုပ်စု အတွင်းရှိ ကျေးရွာများကို (၂)နှစ် တစ်ကြိမ် အလှည့်ကျ စီမံကိန်း လုပ်ဆောင်နေမည့် အစား လာမည့်နှစ် စီမံကိန်း စက်ဝန်းများတွင် ကျေးရွာအားလုံးတွင် တစ်ပြိုင်တည်း စီမံကိန်း လုပ်ငန်းခွဲများ အကောင် အထည်ဖော် လုပ်ဆောင်နိုင်ရန်၊ ငပုတောမြို့နယ်သည် စီမံကိန်း စက်ဝန်း နောက်ဆုံးနှစ်ဖြစ်သည့် အတွက် စီမံကိန်းနှစ်အလိုက် ရှိသင့်ရှိထိုက်သည့် စာရွက်စာတမ်းများကို မြို့နယ်ကျေးလက်ဦးစီးရုံး၊ ကျေးရွာ အုပ်စု/ ကျေးရွာများတွင် Soft copy, Hard copy ဖြင့် စုဆောင်း ထိန်းသိမ်းထားရန် ဖြစ်သည်။

## ကျောက်တန်းမြို့နယ်

ပျက်စီးနေသော ပစ္စည်းများအား အမြန်ဆုံး ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

## ကွမ်းခြံကုန်းမြို့နယ်

ဝ-၇ သည် စတုတ္ထနှစ်စက်ဝန်းတွင် ပုံစံအသစ်ပြောင်းလဲခြင်းပြုလုပ်ထားသောကြောင့် MIS တွင် ပုံစံအသစ်ဖြင့် ပြောင်းလဲဖြည့်သွင်းနေရပြီး မြေပြင်တွင် ဖောင်အဟောင်းဖြင့်သာ ဆောင်ရွက်နေရသောကြောင့် မြေပြင်နှင့် MIS တွင် ကွဲလွဲနေသလိုဖြစ်ပါသဖြင့် အသစ်ပုံစံအား အသုံးပြုခွင့်ရလျှင် မြို့နယ်သို့ ပြောင်းလဲအသုံးပြုနိုင်ရန်အတွက် အမြန်ဆုံးအကြောင်းကြား

ပေးစေလိုပါသည်။ လုပ်ငန်းခွဲများ၏ ၆၀ ရာခိုင်နှုန်းခန့်သည် လက်ရှိတွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ပါသည်။

ကျေးရွာအဆင့်စောင့်ကြည့်ကြီးကြပ်ရေးသင်တန်းအား ကိုဗစ်ကာလအတွင်း ဆောင်ရွက်ရန် ညွှန်ကြားထားခြင်း မရှိသောကြောင့် ဆက်လက်ဆောင်ရွက်ရန်အတွက် သင်တန်းနေရာ (၄) နေရာ၊ ကျေးရွာ (၅၂) ရွာခန့်ကျန်ရှိနေပါသည်။ နောက်ဆုံးနှစ် ဖြစ်သောကြောင့် ဆက်လက် ဆောင်ရွက်ရန် လို၊ မလိုနှင့် မည့်သို့ဆောင်ရွက်ရမည်ကို အမြန်ဆုံး ညွှန်ကြားပေးစေ လိုပါသည်။

## ရမည်းသင်းမြို့နယ်

စီမံကိန်းနောက်ဆုံးနှစ်ဖြစ်ပြီး ထောက်ပံ့ငွေ (၁) ဖြစ်အောင်သုံးရမည် ဖြစ်သောကြောင့် လုပ်ငန်းများ ရွေးချယ်ရာတွင် အချို့ကျေးရွာများ၌ လုပ်ငန်းခွဲများ ပြန်လည်ရွေးချယ်ရခြင်း၊ TPIC ခွင့်ပြုချက်များ ပြန် တင်ရသောကြောင့် SPs များ ပြီးနိုင်မည့် အခြေအနေအနည်းငယ် နှောင့်နှေး ရပါသည်။

## နွားထိုးကြီးမြို့နယ်

စီမံကိန်းလုပ်ငန်းခွဲများ ရေရှည်တည်တံ့စေရေး မိမိတို့မြို့နယ်အတွင်း ၁ ရွာ နှင့် ၁ ရွာ ကွင်းဆင်းကြည့်ရှုပြီး လည်ပတ်ပြုပြင် ထိန်းသိမ်းရေး လုပ်ငန်းများအား ပိုမိုကောင်းမွန်အောင် စီမံ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

## ပေါက်မြို့နယ်

ယခုသုံးလပါတ်အတွင်း စီမံကိန်းလုပ်ငန်းခွဲများအားလုံး ဆောင်ရွက်လျက်ရှိသော်လည်း **COVID–19 ရောဂါ** ကြောင့် ဝန်ထမ်းများ ၅၀% အလှည့်ကျရုံးတက်ခြင်း၊ ကျေးများသို့သွားရောက်ရန် **Safe** မဖြစ်ခြင်း၊ အချို့ ကျေးရွာများမှ စီမံကိန်းဝန်ထမ်းများအား လာရောက်ခွင့်မပြုခြင်း၊ ကျေးရွာတိုင်းတွင် **COVID–19 ရောဂါ** ကြိုတင်ကာကွယ်ကုသ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေရခြင်း၊ လုပ်ငန်းသုံးပစ္စည်းများရရှိရန် ခက်ခဲလာခြင်း စသည့်တို့ကြောင့် စီမံကိန်း လုပ်ငန်းများ ခေတ္တဆိုင်းငံ့ရသဖြင့် လုပ်ငန်းများ ပြီးစီးချိန် နောက်ကျခြင်း များဖြစ်ပေါ်နိုင်ပါသည်။

ထို့အပြင် **Covid–19 ရောဂါ** ကြောင့် လုပ်ငန်းဆောင်ရွက် ထားရှိမှုများ သတင်းပါရှိရေးတွင် အခက်အခဲရှိခဲ့ပါသည်။ **Information Campaign** များလည်း ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ **Covid –19** ကြောင့် **Social Audit** များလည်း လူစုလူဝေးဖြင့်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ မြို့နယ်အဆင့် ဝေဖန်အကြံပြုစာ အချို့ ဖြေရှင်းရာတွင်လည်း ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်နိုင်ရန် အခက်အခဲ ဖြစ်စေခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ထည့်သွင်း အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရန် စီစဉ်ထားသော်လည်း **Covid–19** ကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်အနေဖြင့် Phase Out မြို့နယ်ဖြစ်သည့်အတွက် တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းရုံးမှ မြို့နယ်များသို့ကွင်းဆင်းပြီး ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးစေ လိုပါသည်။

**ပန်းတောင်းမြို့နယ်**

ပန်းတောင်းမြို့နယ်အနေဖြင့် ပြည်ထောင်စုအဆင့်မှ (၃)လတစ်ကြိမ် လုပ်ငန်းညှိနှိုင်းမှုများ ကွင်းဆင်းဆောင်ရွက်ပေးစေလိုပါသည်။

**ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လူထုဗဟိုပြုစီမံကိန်း အကောင်အထည် ဖောင်ဆောင်ရွက်လျှက်ရှိသော မြို့နယ်များအား ၁ လတစ်ကြိမ် သော် လည်းကောင်း၊ သုံးလ ၁ ကြိမ်သော်လည်ကောင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးများအား တိုင်းရုံးတွင် ကျင်းပပြုလုပ် စေလိုပါသည်။

**သဲကုန်းမြို့နယ်**

သဲကုန်းမြို့နယ်အနေဖြင့် ထုတ်ပြန်သောလမ်းညွှန်ချက်များသည် DRD နှင့် တိုက်ရိုက် ချုပ်ဆိုသောဝန်ထမ်းနှင့် ကုမ္ပဏီနှင့်ချုပ်ဆိုသောဝန်ထမ်းဟု မခွဲခြားဘဲ တပြေးညီ ထုတ်ပြန်သင့်ပါ သည်။

**ပျဉ်းမနားမြို့နယ်**

နောက်ဆုံးနှစ်ဖြစ်သည့်အတွက် ကျေးရွာဖိုင်များ၊ VDP စာအုပ်များ လုံခြုံစွာသိမ်းဆည်း ထားနိုင်ရေးအတွက် သင့်တော်သည့် ဗီဒိုများ အချိန်မှီခွင့်ပြုသင့်ပါကြောင်း တင်ပြအပ်ပါသည်။

စီမံကိန်းသုံးမော်တော်ယဉ်မှာ ပျက်စီးယိုယွင်းသွားပါသဖြင့် တောင်ပေါ်ဒေသများနှင့် ဝေးလံ သောကျေးရွာများရှိ လုပ်ငန်းများအပေါ် ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် မော်တော်ယဉ် အစားထိုး ပံ့ပိုးပေးရန် တင်ပြအပ်ပါသည်။

**မိုးကောင်းမြို့နယ်**

မိုးကောင်းမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် မိတ္တူကူးစက်များ၊ Printer စက်များနှင့် မော်တော်ဆိုင်ကယ်များ ပျက်ပါက ချက်ချင်းပြုပြင်နိုင်ရန် Phase out Year တွင် ပစ္စည်းများ အကောင်းအတိုင်းအသုံးပြုရသည်အဆင့် ပြန်လည်အပ်နိုင်ရန် ခွင့်ပြုငွေအမြန် ရရှိစေလိုပါသည်။

**ပူတာအိုမြို့နယ်**

ပူတာအိုမြို့နယ်အနေဖြင့် ဆောက်လုပ်ရေးပစ္စည်း သယ်ယူစရိတ် များပြားခြင်းကြောင့် ကျေးရွာအုပ်စုများကို ရန်ပုံငွေပိုမိုချထားပေးရန် လိုအပ်ပါသည်။ ယခုအခါ COVID – 19 ကပ်ရောဂါ အခြေနေ ကြောင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြန့်ကြာမှုများ ကြုံတွေ့ရ သည်။ တတိယနှစ် စီမံကိန်းစက်ဝန်းကာလကို တိုးမြှင့်သတ်မှတ်ခြင်း၊ လူစုဝေးရန် မလိုသော

Training Design များကို Union Training Team က ပြောင်းလဲရေးဆွဲခြင်း နှင့် အချိန်ယူရသည့် စီမံကိန်း လုပ်ငန်းစဉ်များကို (ဥပမာ–ဈေးနှုန်းစုံစမ်းပြီး ၇ ရက်အကြာမှ ကုန်ပစ္စည်းဝယ်ယူနိုင်သော ဝယ်ယူရေးလုပ်ငန်းစဉ်) အချိန်ပြောင်းလဲသတ်မှတ်ပေးသော ညွှန်ကြားချက်များ ချထားပေးလျှင် စီမံကိန်းစက်ဝန်း၏ ကုန်ဆုံးသွားသော အချိန်များကို ပြန်လည်ကုစားနိုင်မည် ဖြစ်ပါသည်။

**လွိုင်ကော်+ရှားတောမြို့နယ်**

ကျေးရွာများအတွက် စာရွက်စာတမ်းများ၊ ကျေးရွာဖွံ့ဖြိုးမှုအစီအစဉ်များ ပြည့်စုံစွာ ရှိသော်လည်းကျေးရွာအုပ်စုအတွက် အစီအစဉ်များပိုမိုပြည့်စုံအောင် ထားရှိနိုင်ပါက ကျေးရွာအုပ်စုဖွံ့ဖြိုးမှုအတွက် ကောင်းမွန်ပါမည်ဟုအကြံပြုပါသည်။

**ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်**

ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်သည် ခရီးဝေးကွာခြင်းနှင့် ခက်ခဲခြင်းကြောင့် ထောက်ပံ့ငွေ (BG)များကို စီမံကိန်းလက်စွဲစာအုပ်အတိုင်းဆုံးဖြတ်ခြင်းမဟုတ်ပဲ ဒေသအလိုက် လိုအပ်ချက်များအပေါ်အခြေခံပြီး ကူညီထောက်ပံ့စေလိုပါသည်။

စတုတ္ထနှစ်စက်ဝန်း စီမံကိန်းအကောင်အထည်ဖော်ပြီးသည့်အခါ လုပ်ငန်းများ၏ ရေရှည်တည်တံ့ရေးအတွက် လည်ပတ်ထိန်းသိမ်းရေးအစီအစဉ်သည် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်သောကြောင့် လည်ပတ်ထိန်းသိမ်းရေး အစီအစဉ်ကို သေချာသော စည်းမျဉ်းများ ရေးဆွဲချပြလမ်းညွှန်ပေးပါရန် တင်ပြအပ်ပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

ကျေးရွာများသို့ကွင်းဆင်းဆောင်ရွက်မည့် Cfs,Tfs များအတွက် Mask, Hand Gel များလုံလောက်စွာဖြည့်ဆည်းပေးရန်အကြံပေးတင်ပြအပ်ပါသည်။

**လွိုင်းဘွဲ့မြို့နယ်**

Covid 19 ကာလတွင်း ဝန်ထမ်းများ ရောဂါ မကူးစက်စေရန် အတွက် 30% အထိ လျှော့ချရုံးတက်စေသော အစီအစဉ်ကြောင့် အဆင်ပြေပါသည်။ Township Work Plan များသည်လည်းလျာထားသည့် အချိန်ကာလတွင် ဆောင်ရွက်နိုင်ရန် အခက်အခဲရှိနေပါသည်။ အထူးသဖြင့် Social Audit ဆောင်ရွက်ရန် ကျေးရွာအုပ်စု (၂၀)၊ ကျေးရွာ (၆၀ )ကျော်ကျန်ရှိနေသည့်အတွက် ထိုကျေးရွာ များတွင် အစည်းအဝေး ဆောင်ရွက်ရန် ကာလမှာ ခန့်မှန်းရခက်ခဲနေသည့်အတွက် ငွေစာရင်းရှင်းတမ်း၊ ဝယ်ယူရေး ရှင်းတမ်းများအား ကျေးရွာ ကြော်ငြာသင်ပုန်းတွင် ကပ်ခြင်း/ အုပ်ချုပ်ရေးမှူးမှ အသံချဲ့စက်ဖြင့် ကြေငြာပေးခြင်းများဖြင့် လူထုအများသိစေရန် ဆောင်ရွက်ခွင့်ပြုစေလိုသည်။ Social Audit ပြီးမှ သာ အုပ်စု ဘ–၇ ပိတ်သိမ်းနိုင်မည်ဖြစ်သည်။

**ကော့ကရိတ်မြို့နယ်**

စီမံကိန်းကျေးရွာများရှိကော်မတီဝင်များ အမြင်ပွင့်၊ ဗဟုသုတတိုးပွားလာစေရန် အခြား မြို့နယ်များသို့ လေ့လာရေးခရီးပို့ပေးစေလိုပါသည်။ စည်းရုံးရေးမှူးများ၏ စွမ်းရည်ပိုမို တိုးတက် လာစေရန်အတွက် လေ့လာရေးခရီးများ စီစဉ်ပေး ရန်လိုအပ်ပါသည်။

**မတူပီမြို့နယ်**

စီမံကိန်းနှင့်ပတ်သက်သော အချက်အလက်များ၊ အစီရင်ခံစာများအား Email ဖြင့် တောင်းခံရာတွင် သက်ဆိုင်ရာ ကဏ္ဍများသို့နှင့် တာဝန်ခံများကိုလည်း CC ထည့်သွင်းစေလိုပါသည်။ ပုံမှန်ပြုစုနေကျ ပုံစံဖြင့်သာ တောင်းခံစေလိုပါသည်။ အချို့အချက်အလက်များပြားသည့် စာရင်းများ မှာ ပုံမှန်စာရင်းမှ လတ်တလော တောင်းခံသည့်စာရင်းပုံစံသို့ ထည့်သွင်းရန် အချိန်ကြာ မြင့်ခြင်း၊ အခက်အခဲရှိ ခြင်းမျိုးဖြစ်တတ်သောကြောင့်ဖြစ်ပါသည်။

**တွန်းဇံမြို့နယ်**

TDRD (Counterpart) Finance Officer and Infra များသည် တခြားသို့ ပြောင်းရွှေ့သွား သည့် အတွက် လိုအပ်သည့် ဝန်ထမ်းနေရာအား ပြန်လည် အစားထိုးခန့်အပ်ပေးပါရန်။

**ချောင်းဆုံမြို့နယ်**

ချောင်းဆုံမြို့နယ်အနေဖြင့် စီမံကိန်း(၄)နှစ်တာဆောင်ရွက်ပြီးစီးပြီ ဖြစ်သော်လည်း လိုအပ် သော အချက်အလက်များ တောင်းခံလာပါက ပြည်နယ်မှ ပူးပေါင်းဆောင်ရွက် ပေးစေလိုပါသည်။

**ပေါင်မြို့နယ်**

ပေါင်မြို့နယ်အနေဖြင့် စီမံကိန်းနောက်ဆုံးနှစ် ဖြစ်သည့်အတွက် လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း ဝန်ထမ်းများ အလုပ်ထွက်သွားမည်ဆိုပါက လုပ်ငန်းအပေါ် အခက်အခဲ ဖြစ်နိုင်ပါ၍ စာချုပ် (သို့မဟုတ်) နည်းလမ်းတစ်ခုခုဖြင့် ထိန်းသိမ်းထားပေး စေလိုပါသည်။ ငွေကြေး ချမ်းသာ သော ကျေးရွာများတွင် အစည်းအဝေးပြုလုပ်ရာ၌ စိတ်ပါဝင်စားမှု အားနည်းခြင်း၊ အကြိမ်ကြိမ် ဖိတ်ခေါ်ရခြင်းများ ရှိပါသည်။ စီမံကိန်းအပေါ် စိတ်ဝင်စားမှု မရှိသော ကျေးရွာများအား ရန်ပုံငွေ ပေးအပ်မှုမပြုလုပ်ပဲ လိုအပ်ချက်ရှိသော စိတ်ပါဝင်စားသော ကျေးရွာများသာ ရန်ပုံငွေပေးအပ် စေလိုပါသည်။ သတင်းပြန်ကြားဆက်သွယ်ရေး ပြပွဲများအတွက် Budgetငွေတောင်းခံရာတွင် အချိန်မီ ခွင့်ပြု ပေးစေချင်ပါသည်။

**ပုဏ္ဏားကျွန်းမြို့နယ်**

စစ်ပွဲများသည် ပုဏ္ဏားကျွန်းမြို့တွင်းအထိဖြစ်ပွားလာမှုရှိကာ လုံခြုံရေးအခြေ အနေစိုးရိမ် စရာဖြစ်နေပါသည်။ ပထမနှစ်မှ လုပ်ငန်းများခွဲများဆောင်ရွက်နိုင်ခဲ့သော ရသေ့တောင်- ပုဏ္ဏား ကျွန်းလမ်းပေါ်မှကျေးရွာအုပ်စု(၁၁)အုပ်စုရှိ (၁၇) ရွာအား သွားလာမှုကန့် သတ်ထား သောကြောင့် အဆိုပါကျေးရွာများတွင် ဒုတိယနှစ်စက်ဝန်း၏ စီမံကိန်းလုပ်ငန်းများ အကောင်အထည် မဖော် ဆောင်နိုင်ခြင်းနှင့်ပထမနှစ်စက်ဝန်းမှ စီမံကိန်းအကောင် အထည်မဖော်နိုင်သော ကျေးရွာအုပ်စု

(၁၉)အုပ်စုရှိ ကျေးရွာ (၄၃)ရွာမှာလည်း ဆက် လက်ကျန်ရှိနေသောကြောင့် စုစုပေါင်း အကောင်အထည်မဖော်ဆောင်နိုင်သည့် ကျေးရွာအုပ်စု(၃၀)၊ ကျေးရွာ(၆၀) ကျန်ရှိနေပါသည်။

**ဝွမြို့နယ်**

စီမံကိန်းတွင် အသုံးပြုသော form ပုံစံများမှာ များပြားသဖြင့် ကျေးရွာအဆင့်တွင် အသုံးပြုရန် အနည်းငယ် အခက်အခဲရှိပါသည်။ အထူးသဖြင့် စာတတ်မြောက်မှု အားနည်းသော ကျေးရွာများတွင် ပုံစံများမဖြည့်သွင်းနိုင်ကြပါ။ ထို့ကြောင့် ဖြစ်နိုင်လျှင်ပုံစံအရေအတွက်ကို လျှော့ချပေးစေချင်ပါသည်။

**မဘိမ်းမြို့နယ်**

မဘိမ်းမြို့နယ်၏အကြံပြုချက်များအရ-လူထုဗဟိုပြုစီမံကိန်း Infrastructure တာဝန်ခံဝန်ထမ်းသည် မြို့နယ်ကျေးလက်ရုံး၏ တာဝန်ခံအင်ဂျင်နီယာပါ ပူးတွဲတာဝန်ထမ်းဆောင်ရသည့်အတွက် ဝန်ထမ်း (၁) ဦး ထမ်းရမည့် အလုပ်တာဝန်ပိုမိုထမ်းရသည့်အတွက် စီမံကိန်းလုပ်ငန်းခွဲ ကြီးကြပ်သည့် အပိုင်းတွင် အချိန်လုဆောင်ရွက်နေရပါသည်။ မြို့နယ်ကျေးလက်ရုံးအတွက် သီးသန့်တာဝန်ခံ အင်ဂျင်နီယာ သော်လည်းကောင်း ၊ စီမံကိန်းအတွက် သီးသန့်အင်ဂျင်နီယာသော်လည်းကောင်း ပိုင်းခြားခန့်ထား ပေးပါက ယခုထက်ပိုမိုအောင်မြင် ပါမည်။ ထိုသို့သီးသန့်တာဝန်တစ်ခုဖြင့် ဆောင်ရွက်မည်ဆိုပါက စီမံကိန်းလုပ်ငန်းခွဲ အရည် အသွေးအပိုင်း ၊ ခန့်မှန်းခြေ တွက်ချက်မှုအပိုင်း ၊ ဒီဇိုင်းများ ပိုမိုကြီးကြပ်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**၁၇။ နောက်သုံးလပတ် ဆောင်ရွက်ရမည့်အချက်များ**

**မြို့နယ်အဆင့်**

(က) စီမံကိန်းမြို့နယ် အနေဖြင့် ကျားမရေးရာ အစီရင်ခံစာများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးသို့ ပုံမှန်တင်ပြရန်အပြင် ပြည်ထောင်စု အဆင့်သို့လည်း တင်ပြရန်

(ခ) **Labour report** အား **M&E focal** နှင့် ပူးပေါင်း၍ ပြည်နယ်တိုင်းဒေသကြီးသို့ တင်ပြရန်

(ဂ) ကျေးရွာအုပ်စု နှင့် ကျေးရွာအဆင့် တို့အတွက် ကော်မတီဝင်များအား ကျားမရေးရာ သင်တန်းများပေးရန် **CSAG** နှင့် **DRD** မှ ဦးစီးဆောင်ရွက်ရန်

(ဃ) **CF** များအားလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းပေးရန်

(င) အမျိုးသမီးကော်မတီဝင်များ၏ စုဆောင်းရရှိလာသော အချက်အလက်များအား **political role** အဖြစ်ပြောင်းရန်

(စ) ကျေးရွာ လူထုစစ်ဆေးပွဲမှ တွေ့ရှိရသော ကျားမရေးရာဆိုင်ရာ ပူးပေါင်းပါဝင်မှု တွေ့ရှိချက် များကို ဝေမျှရန်

**ပြည်နယ်တိုင်းအဆင့်**

(က) လစဉ်အစီရင်ခံစာအား ပြည်ထောင်စု အဆင့်သို့ မပြတ်တင်ပြရန်

(ခ) ကျေးရွာ အဆင့်များတွင် ကျားမရေးရာအသိအမြင် ဗဟုသုတ မြင့်မားကြွယ်ဝလာရေး ဆောင်ရွက်ရန်

(ဂ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှ အောင်မြင်စွာ ဆောင်ရွက်ခဲ့သော ဖြစ်ရပ် များအား ရှာဖွေစုဆောင်းရင်းဖြင့် စောင့်ကြည့်ကြီးကြပ်ရေး ခရီးစဉ်များအား မြို့နယ်အဆင့် **TA/DRD** များနှင့် ပူးပေါင်းပြီး မပြတ်သွားလာ ဆောင်ရွက်ရုံသာမက ပြည်ထောင်စုအဆင့် သို့တင်ပြရန်

**ပြည်ထောင်စုအဆင့်**

(က) **NCDDP** ၏ ကျားမရေးရာ **stragies** ပြင်ဆင်ထားသည့် ပုံစံများ ကို **WB** အပါအဝင် **CDD** ပြည်တွင်း ပြည်ပ ပညာရှင်များနှင့်အတူ အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ဆွေးနွေးတင်ပြရန်

(ခ) ကျားမရေး သုံးလပတ်အစည်းအဝေးတွင် ကျားမရေးရာဆောင်ရွက်ချက်များနှင့် တွေ့ကြုံ ရသော အခက်အခဲများအား ဆွေးနွေးတင်ပြရန်

(ဂ) မြို့နယ်များ၌ ရေထောက်ပံ့ရေး စီမံကိန်းလုပ်ငန်းခွဲများအတွက် အချက်အလက်များ စုဆောင်းနိုင်ရန် စောင့်ကြည့်ကြီးကြပ်ရေး ညွှန်းကိန်းများအား မှျဝေတင်ပြရန်

(ဃ) ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်စုံပါဝင်သော သုံးသပ်ခြင်းအစည်းအဝေးအား ကျင်းပြု လုပ်မည်။

**ဝန်ထမ်းများဖွဲ့စည်းမှု နှင့် စီမံခန့်ခွဲမှု**

(က) သုံးလပတ် သုံးသပ်ခြင်းအစည်းအဝေးအား COVID–19ရောဂါအခြေအနေကြောင့် ပြည်နယ်/တိုင်းနှင့် မြို့နယ်များအား Video Conferencing စနစ်ဖြင့် ဇွန်လတွင် ဆက်လက်ပြု လုပ်မည် ဖြစ်ပါသည်။

(ခ) ဝန်ထမ်း အင်အားစာရင်းအား ဇယားဖြင့် ဖော်ပြထားပါသည်။

**နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

- ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းဆွေးနွေးပွဲ ပြုလုပ် မည် ဖြစ်သောကြောင့် ပြည်ထောင်စုအဆင့် သုံးလပတ် သုံးသပ်ခြင်း အစည်းအဝေး အား ဇူလိုင်လတွင် ဆက်လက်ပြုလုပ်မည် ဖြစ်ပါသည်။
- ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ခြင်းဆွေးနွေးပွဲမှ ရရှိထား သော ဆွေးနွေးမှုရလက်များအား သက်ဆိုင်ရာဌာနများအလိုက် ဆွေးနွေးမှု များ ပြုလုပ်မည်။
- ပြင်ဆင်ရန် လိုအပ်သည့် ပုံစံများအလိုက် ပြုပြင်မှုများပြုလုပ်မည်။

ဇယား ၁။ ၃၀/၆/၂၀၂၀ အထိ NCDDP မှ အစီအစဉ်ရေးဆွဲထားသော စီမံကိန်းလုပ်ငန်းခွဲများ၏ ကဏ္ဍအလိုက်ခွဲဝေမှုပြဇယား

| Sector | Year 1 (2013/14) | | Year 2 (2014/15) | | Year 3 (2015/16) | | Year 4 (2016/17) | | Year 5 (2017/8) | | Year 6 (2018/19) | | Year 7 (2019/20) | | Cumulative (Yrs 1 – 7) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | # | % | # | % | # | # | % | % | # | % | # | % | # | % | # | % |
| Transport | 122 | 34.2% | 684 | 43.4% | 2,299 | 48.6% | 4,288 | 55.8% | 5,897 | 63.4% | 4,654 | 54.0% | 1,437 | 49.1% | 19,381 | 55.1% |
| Water Supply & Sanitation | 82 | 23.0% | 229 | 14.5% | 978 | 20.7% | 1,157 | 15.1% | 754 | 8.1% | 669 | 7.8% | 216 | 7.4% | 4,085 | 11.6% |
| Education | 117 | 32.8% | 448 | 28.4% | 966 | 20.4% | 1,065 | 13.9% | 1,125 | 12.1% | 974 | 11.3% | 342 | 11.7% | 5,037 | 14.3% |
| Electrification | 15 | 4.2% | 123 | 7.8% | 209 | 4.4% | 488 | 6.4% | 671 | 7.2% | 1,066 | 12.4% | 405 | 13.8% | 2,977 | 8.5% |
| Community Facilities | 11 | 3.1% | 65 | 4.1% | 192 | 4.1% | 478 | 6.2% | 584 | 6.3% | 861 | 10.0% | 344 | 11.8% | 2,535 | 7.2% |
| Health | 1 | 0.3% | 8 | 0.5% | 33 | 0.7% | 31 | 0.4% | 38 | 0.4% | 21 | 0.2% | 9 | 0.3% | 141 | 0.4% |
| Other | 9 | 2.5% | 21 | 1.3% | 57 | 1.2% | 175 | 2.3% | 203 | 2.2% | 379 | 4.4% | 172 | 5.9% | 1,016 | 2.9% |
| | | | | | | | | | | | | | | | | |
| Total | 357 | 100% | 1,578 | 100% | 4,734 | 100% | 7,682 | 100% | 9,272 | 100% | 8,624 | 100% | 2,925 | 100% | 35,172 | 100.00% |

# ဇယား ၂။ ၂၀၂၀ခုနှစ်၊ ဇွန်လကုန်ထိရလဒ်Matrixညွှန်ကိန်းများအကျဉ်းချုပ်ဇယား

| 1 | Development Objective Indicators | | Yr 1<br>2013/14 | Yr 2<br>201415 | Yr 3<br>2015/16 | Yr 4<br>2016/17 | Yr 5<br>2017/18 | Yr 6<br>2018/19 | Yr 7<br>2019/20 | Cumulative | Target<br>(to 30/11/2021) |
|---|---|---|---|---|---|---|---|---|---|---|---|
| | 1.1 | Direct beneficiaries by year (# tns) | 246,644<br>(3 tns) | 692,096<br>(6 tns) | 2,364,252<br>(18 tns) | 2,291,331<br>(20 tns) | 1,680,925<br>(16 ttns) | No additions | No additions | | |
| | | cumulative (# tns) | 246,644<br>(3 tns) | 938,740<br>(9 tns) | 3,302,992<br>(27 tns) | 5,594,323<br>(47 tns) | 7,383,045<br>(63 tns) | 7,383,045<br>(63 tns) | 7,383,045<br>(63 tns) | 7,383,045<br>(63 tns) | 4,000,000<br>63 |
| | 1.2 | % female beneficiaries | 51.90% | 51% | 51.50% | 50.70% | 51.50% | 51.80% | 51.60% | 51.3% | |
| | 1.3 | # persons having access to and use of project-built infrastructure and services | 204,527 | 621,361 | 2,042,112 | 2,120,302 | 7,362,881 | 7,362,881 | 7,362,881 | 7,362,881 | 4,000,000 |
| | 1.4 | % households in project villages participating in planning, decision-making, and implementation of sps | 56% | 58% | 65 % | 61% | 61.14% | 62.67% | ,0.02% | 61.14% | 50%% |
| | 1.5 | % community members satisfied with the project | 90% | 78.8% | 82% | 94% | 95% | 97% | n.a | 90% | 80%% |
| | 1.6 | CFA Participation | | | | | | | | | |
| | | •Total CFA labour paid out (MMK billion) | 0.45 | 1.46 | 4.97 | 8.32 | 12.58 | 15.23 | 2.96 | 45.97 | |
| | | •Total # of labour days provided | 106,500 | ·325,400 | ·863,648 | 1.586 mill. | 2.13 mill. | 2.73 mill. | 0.41 mill. | | |
| | | •CFA wages payments as % of sub-project | n.a | 15% | 16.6% | 18% | 16.68% | 17.00% | n.a | 16.70% | |
| | | •% sub-projects with CFA as main source of labour | n.a | 70% | 92% | 94% | 99% | 99% | n.a | 89% | |
| 2 | Intermediate Results Indicators | | Yr 1<br>2013/14 | Yr 2<br>2014/15 | Yr 3<br>2015/16 | Yr 4<br>2016/17 | Yr 5<br>2017/18 | Yr 6<br>2018/19 | Yr 7<br>2019/20 | Cumulative | |
| | 2.1 | #Type of rural infrastructure built | 357 | 1,578 | 4,734 | 7,682 | 9,272 | 8,624 | 2,925 | 35,172 | 40,000 |
| | | Transport (roads, jetties, bridges) | 126 | 684 | 2,299 | 4,288 | 5,897 | 4,654 | 1,437 | 19,385 | |
| | | Water and sanitation | 69 | 229 | 978 | 1,157 | 754 | 669 | 216 | 4,072 | |
| | | Education | 118 | 448 | 966 | 1,065 | 1,125 | 974 | 342 | 5,038 | |
| | | Electrification | 26 | 123 | 209 | 488 | 671 | 1,066 | 405 | 2,988 | |
| | | Community facilities | 15 | 65 | 192 | 478 | 584 | 861 | 344 | 2,539 | |
| | | Health | - | 8 | 33 | 31 | 38 | 21 | 9 | 140 | |
| | | Other | 3 | 21 | 57 | 175 | 203 | 379 | 172 | 1,010 | |
| | | Length of roads constructed (Km) | 83 | 612 | 1,646 | 2,953 | 3,440 | 3,174 | 654 | 12,562 | |
| | 2.2 | Total sub-project costs: | | | | | | | | | |
| | | CDD project costs (MMK bn) | 1.5 | 9.55 | 32.32 | 66.92 | 87.13 | 97.28 | 0.19 | 294.7 | |
| | | Community contribution (MMK bn) | 0.1 | 0.845 | 1.8 | 4.03 | 5.6 | 5.77 | 0.15 | 18.145 | |
| | | (% project costs) | 6.25% | 8.13% | 5.28% | 5.68% | 6.04% | 5.60% | 44.12% | 5.80% | |
| | 2.3 | Total block grants disbursed (MMK billion) | 1.77 | 10.23 | 36.23 | 67.37 | 87.13 | 101.79 | 41.76 | 346.28 | |
| | 2.2 | % of sub-projects evaluated as high priority by communities | Not yet | Not yet | Not yet | Not yet | Not yet | Not yet | Not yet | n.a | 90% |
| | 2.3 | % of sub-projects evaluated independently meeting project operations manual technical and safeguard specifications | 85% | | 93% | | 77% | | | 85% | 85% |
| | 2.4 | # of Government officials using their new skills in project management, engineering, planning | 48 | 115 | 234 | 452 | 479 | 420 | 281 | 2,029 | 500 |
| | 2.5 | # of community members using their new skills in project planning, financial management, and procurement (6) | 4,731 | 19,160 | 84,748 | 113,588 | 166,596 | 167,154 | 151,867 | 70,045 | 300,000 |
| | 2.6 | # of internal cross-township learning exchanges | 2 | 4 | 4 | 0 | 2 | 3 | 0 | 15 | 20 |
| | 2.7 | Annual Union Multi-Stakeholder Review conducted | 1 | 1 | 1 | 1 | 1 | 1 | | 6 | 8 |
| | 2.8 | % grievances registered, related to delivery of project benefits, that are addressed | 99% | 98.50% | 99% | 99% | 98% | 99% | 99% | 98.70% | 99% |
| | 2.1 | % of annual significant financial audit findings addressed (misuse of funds, non-compliance with procedures) | 100% | 100% | 100% | 100% | 100% | 100% | | 100% | 95% |

## ၃။ ကုန်ပစ္စည်းဝယ်ယူမှု 30/6/2020

| Contract Package No. | Description of Package Contract | Units | PP9 Price Estimates | | Method | Review by Bankr | Status Q1 2020 | Status Q2 2020 | Comments |
|---|---|---|---|---|---|---|---|---|---|
| | | | US $ | MMK | | | | | |
| G 147 | MEDICAL KITS for project staff | 2 Lots | 187,870 | 289,695,540 | Shopping | Post | ER final 15.01.2020 Notified 27.01.2020 Contract 30.01.2020 | Goods delivered Line closed | |
| G 162 | Protective Items For Covid-19 Response for project staff Item 1: 60000 face masks (20 masks/capita) | Mask: 60000 Gel: 1000 | 35,000 | 52,500,000 | Shopping | Post | ER final 1.4.2020 Contract notified 3.4.2020 Contract signed: Hand Gel (21-4-2020) Face Mask (6-4-2020) | Goods delivered Line closed | |
| G 149 | REPAIR SERVICE for the REHABILITATION of the MOTORBIKES | 3305 motor bikes | 150,000 | 225,000,000 | Direct | Post | Request EOI (24-4-20) | | |
| G 150 | SPARE PARTS FOR HONDA MOTORCYCLES | 600 kits | 100,000 | 150,000,000 | Direct | Post | Request EOI (24-4-20) | | |
| G 151 | SPARE PARTS FOR TVS MOTOR CYCLES | 4000 kits | 200,000 | 300,000,000 | Direct | Post | Request EOI (24-4-20) | | |

ဇယား ၄ – ပြည်နယ်/တိုင်းဒေသကြီး ရုံးများရှိ ဝန်ထမ်းခန့်ထားမှု အခြေအနေ ၃၀/၆/၂၀၂၀

| အမှတ်စဉ် | ဝန်ထမ်းခန့်ထားရာနေရာ | ဝန်ထမ်းအရေအတွက် | |
|---|---|---|---|
| | | ကျေးလက်ဦးစီး | Consultants (Infra) |
| ၁ | စကိုင်း | ၆ | ၃ |
| ၂ | မကွေး | ၈ | ၄ |
| ၃ | မန္တလေး | ၈ | ၄ |
